# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်းထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ ပြာသိုလဆန်း ၁၁ ရက်၊ ၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာ ၂၉ ရက်၊ သောကြာနေ့၊ အတွဲ (၄၆)၊ အမှတ် (၉၀)




တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၈)သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

## ဒို့တာဝန်အရေးသုံးပါးအတွက်သာဖြစ်

တိုင်းရင်းသားမျိုးနွယ်ပေါင်း တစ်ရာကျော်ရှိတဲ့ ပြည်ထောင်စုမြန်မာနိုင်ငံအတွက် အမျိုးသားရေးဟာ ဒို့တာဝန်အရေးသုံးပါးပဲဖြစ်တယ်။ ဒါကြောင့် ဒို့တပ်မတော်ဟာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုတဲ့ ဒို့တာဝန် အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်လျက်ရှိတယ်။ ဒို့လုပ်သမျှ ကိုင်သမျှဟာ ဒို့တာဝန်အရေးသုံးပါးအတွက်သာဖြစ်တယ်။

# ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နေသည့်အမျိုးသားတပ်မတော်၏မျိုးဆက်သစ်များဖြစ်လက်ရုံးရည်၊ နှလုံးရည်နှင့်ပြည့်ဝသည့် အရာရှိကောင်းများအဖြစ် တာဝန်နှင့်ဝတ္တရားကိုအလေးအနက်ထားနယ်မြေဒေသအလိုက်တည်ရှိသည့် ပတ်ဝန်းကျင်၌ ဖြစ်ပွားလေ့ရှိသော ရောဂါမျိုးစိတ်များကိုသုတေသနပြု

# စေတနာ၊ အကြင်နာ၊ ဘေးကင်းကွာ ဆောင်ပုဒ်ကိုလက်ကိုင်ထားပြီး ကျန်းမာရေးစောင့်ရှောက်မှုထမ်းဆောင်

**နေပြည်တော် ဒီဇင်ဘာ ၂၈**

တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၈) သင်တန်းဆင်းဂုဏ်ပြု စစ်ရေးပြအခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြောကြားသည့် မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

**ရဲဘော်တို့–**

တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၈) သင်တန်းဆင်းပွဲအခမ်းအနားမှာ ရဲဘော်တို့ သိသင့်သိထိုက်တာတွေကို အလေးအနက်မှာကြားသွားမှာဖြစ်တယ်။

တပ်မတော်ဆေးတက္ကသိုလ်ရဲ့ ရည်ရွယ်ချက်ဟာ **ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ထိန်းသိမ်းမည့် အမျိုးသားတပ်မတော်အတွက် လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝသော ဆေးဘက်ဆိုင်ရာ တပ်မတော်အရာရှိကောင်းများ မွေးထုတ်ပေးရန်** ဖြစ်တယ်။

*စာမျက်နှာ ၃ ကော်လံ ၁* ❐



**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း

## အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်)

# ရဲရွာရေအားလျှပ်စစ် စီမံကိန်း သတ်မှတ်ကာလထက် စောပြီးစီးရေး ကြိုးပမ်း

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်၏ကဏ္ဍအသီးသီး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်စေရေး အရှိန်အဟုန်တိုးမြှင့်၍ ဖော်ဆောင်လျက်ရှိရာ အခြေခံကောင်းများရရှိပြီး ပြည်သူတစ်ရပ်လုံး၏ လူမှုစီးပွားဘဝသည်လည်း ပိုမိုတိုးတက် မြင့်မားလာခဲ့သည်။

ယင်းကဲ့သို့ မြင့်မားတိုးတက်လာသည်နှင့်အညီ ခေတ်မီစွာနေထိုင်နိုင်ရေးအတွက် ဆက်သွယ်ရေးကဏ္ဍ၊ လျှပ်စစ်ကဏ္ဍမှအစ နိုင်ငံတော်က ဖြည့်ဆည်းပံ့ပိုးပေးလျက်ရှိသည်။

လျှပ်စစ်ကဏ္ဍသည် လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိရာ ပြည်သူများ နေ့စဉ်နှင့်အမျှ ပိုမိုသုံးစွဲနေသည့် ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် မန္တလေးမြို့၏ အရှေ့တောင်ဘက် ၃၁ မိုင်အကွာ ရဲယမန်းကျေးရွာအနီး မြစ်ငယ်မြစ်ပေါ်၌ ကွန်ကရစ်တမံတည်ဆောက်၍ ရဲရွာရေအားလျှပ်စစ် စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ရဲရွာရေအားလျှပ်စစ်စီမံကိန်းသည် RCC ကွန်ကရစ်တမံသည် ကမ္ဘာပေါ်ရှိ RCC ကွန်ကရစ်တမံများအနက် ထုထည်ပမာဏ တတိယအကြီးဆုံးဖြစ်ပြီး အမြင့်မှာ ပဉ္စမမြောက်အဆင့်ရှိသည့် စီမံကိန်းဖြစ်သည်။ ကွန်ကရစ်တမံ တည်ဆောက်ရာတွင် လုပ်ငန်းဆိုင်ရာ နည်းပညာအတွေ့အကြုံ ရရှိစေရေးအတွက် မြန်မာအင်ဂျင်နီယာ ပညာရှင်များ၏ စွမ်းပကားနှင့် နိုင်ငံခြားပညာရှင်များပူးပေါင်းပြီး ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။

ယခုအခါ စီမံကိန်းလုပ်ငန်းများ၏ ၃၅ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်၍ စီမံကိန်းပြီးစီးပါက လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၇၉၀ ထုတ်ယူရရှိနိုင်မည်ဖြစ်သည်။ ရဲရွာရေအားလျှပ်စစ်စီမံကိန်း၏ လုပ်ငန်းပမာဏမှာ ကြီးမားသည့်အလျောက် လုပ်ငန်းများ စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး ကြိုးပမ်းလုပ်ဆောင်လျက်ရှိသည်။

သို့ဖြစ်၍ နိုင်ငံတော်တည်ဆောက်ရေးတွင် မရှိမဖြစ်လိုအပ်သော လုပ်ငန်းကြီးလည်းဖြစ်ပြီး တိုးတက်လာသော လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်မှုစွမ်းအားများကို အထောက်အကူပြုမည့် ရဲရွာရေအားလျှပ်စစ်စီမံကိန်းကို သတ်မှတ်ကာလထက် စောပြီးစီးရေးအတွက် သက်ဆိုင်သူအားလုံးတို့က ကြိုးပမ်းတည်ဆောက်သွားကြရမည် ဖြစ်ပေသည်။ ။



## နှစ်အလိုက်တီထွင်ထုတ်လုပ်ခဲ့သော ပန်းရိုက်ဒီဇိုင်းများ စနစ်တကျမှတ်တမ်းတင် ထွက်ကုန်ပစ္စည်းများ အရည်အသွေးကောင်းမွန်ရေး သုတေသနပြုဆောင်ရွက်

ရန်ကုန် ဒီဇင်ဘာ ၂၈

**အမှတ်(၁)စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်းသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းက ပဲခူးတိုင်း ရွှေတောင်မြို့ မြန်မာ့အထည်အလိပ်လုပ်ငန်း ရွှေတောင် အဆင့်မြင့်ချည်မျှင်၊ အထည်နှင့် အချောကိုင်စက်ရုံသို့ ရောက်ရှိပြီး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းလိုအပ်သည်များ မှာကြားသည်။**

ဆက်လက်၍ ချည်မျှင်ဌာန၊ ရက်ကန်းဌာနသို့ ရောက်ရှိကာ အရည်အသွေး ကောင်းမွန်သည့် အဝတ်အထည်များ ထွက်ရှိရေးအတွက် စနစ်တကျ အစီအမံများထားရှိ ဆောင်ရွက်သွားရေး မှာကြားသည်။

### ပန်းထွင်းဒီဇိုင်းဌာန

ထိုမှတစ်ဆင့် ဝန်ကြီးသည် ပန်းထွင်းဒီဇိုင်းဌာနသို့ ရောက်ရှိပြီး နှစ်အလိုက် စက်ရုံထုတ် ဒီဇိုင်းထည်များကိုလည်းကောင်း၊ ကွန်ပျူတာဖြင့် ဒီဇိုင်းထုတ်လုပ်မှုလုပ်ငန်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

### ဆန်းသစ်တီထွင်

ထို့နောက် ဝန်ကြီးသည် စက်ရုံ ဒီဇိုင်းခန်းမသို့ ရောက်ရှိကာ ၁၉၉၀-၉၁ ဘဏ္ဍာနှစ်မှ ယနေ့အထိ စက်ရုံမှ တီထွင်ထုတ်လုပ်ခဲ့သော ပန်းရိုက်ဒီဇိုင်းများပြခန်းကိုကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက နှစ်အလိုက်တီထွင်ထုတ်လုပ်ခဲ့သော ပန်းရိုက်ဒီဇိုင်းများကို စနစ်တကျ မှတ်တမ်းတင် ထားရှိသွားရေး၊ ကီမိုနိုဒီဇိုင်း၊ အရှေ့တိုင်းဒီဇိုင်းများကို ပုံစံထုတ်လျက် အများနှစ်ခြိုက်ရန် ဆန်းသစ်တီထွင်သွားရေး မှာကြားသည်။

### ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် ဝန်ကြီးသည် ပဲခူးတိုင်း သာယာဝတီမြို့ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း သာယာဝတီပန်းကန်စက်ရုံသို့ရောက်ရှိပြီး လုံ့ဌာနရှိ လုံ့ထုတ်လုပ်မှုလုပ်ငန်းများကိုလည်းကောင်း၊ ကြွေသားထုတ်ဌာနရှိ ရေညှစ်စက်ဖြင့် ရွှံ့စေးများအား ရေညှစ်ခြင်းလုပ်ငန်းများကိုလည်းကောင်း ကြည့်ရှု စစ်ဆေးရာ ဦးဆောင်ညွှန်ကြားရေးမှူးဦးစိုးရီနှင့် စက်ရုံမှူးတို့က လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဝန်ကြီးက ပစ္စည်းများထုတ်လုပ်မှုလုပ်ငန်းများကို အသေးစိတ်ကြည့်ရှုပြီး ထုတ်ကုန်ပစ္စည်းများ၏ အရည်အသွေးကောင်းမွန်ရေး အတွက် သုတေသနပြု ဆောင်ရွက်သွားရေး မှာကြားသည်။

### ရုံးသုံးကွန်ပျူတာသင်တန်းဆင်း

ဝန်ကြီး ဦးအောင်သောင်းသည် ယမန်နေ့နံနက် ၇နာရီက ရန်ကုန်မြို့ အမှတ်(၁) စက်မှုဝန်ကြီးဌာန စက်မှုညွှန်ကြားရေးဦးစီးဌာန သင်တန်းခန်းမဆောင်၌ ကျင်းပသော ဘဏ္ဍာရေးဆိုင်ရာ မွမ်းမံသင်တန်း အမှတ်စဉ် (၂/၂၀၀၆) (ရန်ကုန်)နှင့် ရုံးသုံးကွန်ပျူတာ အခြေခံသင်တန်း အမှတ်စဉ် (၅/၂၀၀၆) (ရန်ကုန်) သင်တန်းဆင်းပွဲ အခမ်းအနားသို့ တက်ရောက်ပြီး သင်တန်းဆင်းအမှာစကား ပြောကြားသည်။

ထို့နောက် ဝန်ကြီးသည် သင်တန်းတွင် ပထမ၊ဒုတိယနှင့်တတိယရရှိကြသူများကို ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ပြီး သင်တန်းသားခေါင်းဆောင်သို့ သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

### အထူးဈေးရောင်းပွဲတော်

ဆက်လက်၍ ဝန်ကြီးသည် နံနက် ၈ နာရီတွင် ရန်ကုန်တိုင်း လှိုင်မြို့နယ် အားကစားကွင်းရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန၏ အထူးဈေးရောင်းပွဲတော်သို့ရောက်ရှိပြီး စက်မှု(၁) ထုတ်ကုန်များ ရောင်းချမှုအခြေအနေများနှင့်အရောင်းခန်းမများကို ကြည့်ရှုစစ်ဆေးပြီး **(အပေါ်ဝဲပုံ)** လုပ်ငန်းလိုအပ်ချက်များကို မှာကြားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## မြန်မာနိုင်ငံပြန်တမ်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးစံသောင်းအား တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## စက်ချုပ်ပညာရပ်သည် အမျိုးသမီးတိုင်းတတ်မြောက်သင့်သည့် ပညာရပ်ဖြစ် အကျိုးရှိသည့်ပညာရပ်ဖြစ်သည့်အတွက် အပတ်တကုတ် ကြိုးပမ်းသင်ယူ ကိုယ်ပိုင်ထိုးထွင်းဉာဏ်ဖြင့် တိုးတက်အောင် ဆက်လက်တီထွင်

နေပြည်တော် ဒီဇင်ဘာ ၂၈

**နေပြည်တော် တိုင်းစစ်ဌာနချုပ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ဖွင့်လှစ်သော အိမ်တွင်းစက်ချုပ်သင်တန်း(၁/၂၀၀၆)သင်တန်းဖွင့်ပွဲကို ဒီဇင်ဘာ၂၆ရက် နံနက်၇နာရီခွဲက နေပြည်တော်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ကျင်းပရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့်ဇနီး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ဆွေဆွေဦး၊ တိုင်းစစ်ဌာနချုပ်မှ အရာရှိကြီးများနှင့် ဇနီးများ၊ တပ်ရင်း/တပ်ဖွဲ့များမှ တပ်မှူးများနှင့်ဇနီးများ၊ တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှ သင်တန်းသူများ တက်ရောက်ကြသည်။**

### တီထွင်ကြံဆ

ရှေးဦးစွာ တိုင်းမှူးက အမှာစကားပြောကြားရာတွင် စက်ချုပ်ပညာရပ်သည် အမျိုးသမီးတိုင်း တတ်မြောက်ထားသင့်သည့် ပညာရပ်ဖြစ်ကြောင်း၊ စက်ချုပ်ပညာ တတ်မြောက်ထားသည့်အတွက် တစ်ဖက်တစ်လမ်းမှ မိသားစုအပိုဝင်ငွေ တိုးပွားလာမည်ဖြစ်ကြောင်း၊ အကျိုးရှိသည့်သင်တန်းဖြစ်သည့်အတွက် ကျွမ်းကျင်တတ်မြောက်အောင် အပတ်တကုတ်နှင့် ကြိုးပမ်းသင်ယူရန်လိုအပ်ကြောင်းနှင့် မိမိတတ်မြောက်ထားသည့် ပညာရပ်များကိုလည်း ကိုယ်ပိုင်ထိုးထွင်းဉာဏ်နှင့် တိုးတက်အောင်လည်း ဆက်လက်တီထွင်ကြံဆ လုပ်ဆောင်သွားကြရန်လိုအပ်ကြောင်း စသည်ဖြင့် အကျယ်တဝင့် မှာကြားသည်။

### ဖြည့်ဆည်းဆောင်ရွက်ပေး

ထို့နောက် တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ တိုင်းမှူး၏ဇနီး ဒေါ်ဆွေဆွေဦးက သင်တန်းသူများအား တွေ့ဆုံဆွေးနွေး၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

### တက်ရောက်

အဆိုပါသင်တန်းကို ၂၀၀၇ခုနှစ် ဇန်နဝါရီ ၁၉ရက်ထိ ရက်သတ္တလေးပတ်ကြာ ဖွင့်လှစ်သင်ကြား လေ့ကျင့်သွားမည်ဖြစ်ပြီး သင်တန်းသို့ ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှ မိသားစုဝင် ၄၀ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



## လှူဒါန်း

**အမှတ် ၂၀၇ ပန်းဆိုးတန်းလမ်း ကျောက်တံတားမြို့နယ်နေ ဦးထွန်းသိန်း-ဒေါ်ခင်ရွှေ(သဇင်မိတ္တူ) မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရငွေပဒေသာပင် ကျပ်နှစ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၁) ဦးသိန်းအောင် လက်ခံယူစဉ်။**

(က-ပ)



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တပ်မတော် ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၈)မှ အောင်စစ်သည်ဆုရရှိသူ ဗိုလ်လောင်းခန့်ဇော်အောင်အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ ဗိုလ်လောင်း မင်းအောင်ဟိန်းအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ စာပေထူးချွန်ဆုရရှိသူ ဗိုလ်လောင်း စိုင်းသီဟထွန်းအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

# တပ်မတော်သားတိုင်း ရှေးဦးသူနာပြုအတတ် တတ်ကျွမ်းအောင်သင်ကြားပေး ကျန်းမာရေးအသိပညာပေးလုပ်ငန်းကို အင်တိုက်အားတိုက်ဆောင်ရွက်

❐ ရှေ့ဖုံးမှ

**ရဲဘော်တို့-**

ဒို့နိုင်ငံမှာ ရှေးနှစ်သန်းပေါင်းလေးဆယ်က ရှေးဦးလူသားတွေရဲ့ ရုပ်ကြွင်းတွေကို တွေ့ရှိခဲ့ရတဲ့အပြင် ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်ရဲ့ လူ့အသုံးအဆောင် အထောက်အထားတွေကို တွေ့ရှိရတာကြောင့် ဒို့တိုင်းရင်းသားအားလုံးဟာ ဒီမြေပေါ်မှာပဲ အတူတကွ ပေါက်ဖွားလာခဲ့ကြတာဖြစ်ကြောင်း ထင်ရှားတယ်။

## အသီးတစ်ရာ အညှာတစ်ခု

ဒို့နိုင်ငံမှာ အလွန်အေးမြတဲ့ရာသီဥတု၊ ပူပြင်းခြောက်သွေ့တဲ့ ရာသီဥတု၊ ပူအိုက်စွတ်စိုတဲ့ ရာသီဥတုစသည်ဖြင့် ရာသီဥတု အမျိုးမျိုး ရှိတာကြောင့် အပူအအေးကိုလိုက်ပြီး ဝတ်စားဆင်ယင်မှု ကွဲပြားလာတာဟာ သဘာဝပဲဖြစ်တယ်။ တောင်ကုန်းတောင်တန်းတွေထူထပ်ပြီး သွားလာဆက်သွယ်မှု ခက်ခဲလို့လဲ ဘာသာစကားကွဲပြားမှုတွေ ဖြစ်လာတယ်။ ဒါကြောင့် ဒို့နိုင်ငံမှာ တိုင်းရင်းသားလူမျိုးစုပေါင်းတစ်ရာကျော် အထိ ဖြစ်ပေါ်လာခဲ့တယ်။ ဒါပေမယ့် ဒို့တိုင်းရင်းသားအားလုံးဟာ အသီးတစ်ရာ အညှာတစ်ခုဆိုသလို ဒီမြေပေါ်မှာရှိခဲ့ကြတဲ့ ရှေးဦးလူသားတွေရဲ့ အနွယ်တွေပဲဖြစ်တယ်။

## အတူတကွနေထိုင်

ရေကြည်ရာမြက်နုရာကို လွတ်လပ်စွာ ရွှေ့ပြောင်းနေထိုင်ကြရင်းက မြန်မာနိုင်ငံရဲ့ဒေသတိုင်းမှာ တိုင်းရင်းသားမျိုးနွယ်အားလုံးဟာ သွေးရင်းသားရင်းတွေပီပီ အတူတကွ နေထိုင်လာခဲ့ကြတာဖြစ်တယ်။ ဒို့တိုင်းရင်းသားတွေဟာ ရှေးပဝေသဏီကပင် ချစ်ချစ်ခင်ခင် နေခဲ့ကြလင့်ကစား နယ်ချဲ့ရဲ့လက်အောက်ကို ကျရောက်ချိန်ကစပြီး သွေးခွဲခြင်းကို ခံခဲ့ကြရတယ်။

## မျိုးဆက်သစ်များ

**တိုင်းရင်းသားမျိုးနွယ်ပေါင်း တစ်ရာကျော်ရှိတဲ့ ပြည်ထောင်စုမြန်မာနိုင်ငံအတွက် အမျိုးသားရေးဟာ ဒို့တာဝန် အရေးသုံးပါးပဲဖြစ်တယ်။ ဒါကြောင့် ဒို့တပ်မတော်ဟာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုတဲ့ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်လျက်ရှိတယ်။ ဒို့လုပ်သမျှ ကိုင်သမျှဟာ ဒို့တာဝန်အရေးသုံးပါးအတွက်သာဖြစ်တယ်။ ရဲဘော်တို့ဟာလဲ ဒို့တာဝန် အရေးသုံးပါးကို ကာကွယ်စောင့်ရှောက် ထိန်းသိမ်းနေတဲ့ အမျိုးသားတပ်မတော်ရဲ့ မျိုးဆက်သစ်များဖြစ်ကြောင်း ပြောကြားလိုတယ်။**

**ရဲဘော်တို့-**

လွတ်လပ်ရေးရပြီးတဲ့နောက် ပြည်တွင်းလက်နက်ကိုင် သောင်းကျန်းမှုတွေကြောင့် နယ်စပ်ဒေသတွေမှာ နေထိုင်ကြတဲ့ ဒို့တိုင်းရင်းသားတွေရဲ့ လူနေမှုဘဝဟာ လွန်စွာနိမ့်ကျခဲ့ရတယ်။ လျှိုမြောင်တောင်ကြားမကျန် တာဝန်အရ သွားရောက်ခဲ့ကြရတဲ့ တပ်မတော်သားတွေဟာ တိုင်းရင်းသားလူမျိုးစုငယ်တွေရဲ့ဘဝကို ကိုယ်ချင်းစာနားလည်ခဲ့ကြတယ်။ ဒါကြောင့်လဲ တပ်မတော်က နိုင်ငံတော်တာဝန်ကို ယူလိုက်ရချင်းမှာပဲ နယ်စပ်ဒေသနဲ့ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစွာစတင်ပြီး ယနေ့ထက်တိုင် အရှိန်အဟုန်နဲ့ ဆောင်ရွက်လျက်ရှိတယ်။ ယခုဆိုရင် တိုင်းရင်းသားတွေရဲ့ ကျန်းမာရေး၊ ပညာရေးနဲ့ ဖွံ့ဖြိုးရေးတို့ဟာ အလျင်အမြန် တိုးတက်လျက်ရှိတယ်။

ဒါ့အပြင် အထူးဖွံ့ဖြိုးရေးဒေသကြီး(၂၄)ခုသတ်မှတ်ပြီး တစ်နိုင်ငံလုံး တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာမှာလဲ နယ်မြေလူထုရဲ့ ပညာရေးနဲ့ ကျန်းမာရေးကို ဦးစားပေးမြှင့်တင်ခဲ့တာဖြစ်တယ်။

## ပြုစုစောင့်ရှောက်

ဒါကြောင့် ရဲဘော်တို့ဟာ ရောက်ရာဒေသမှာ တွေ့ရတဲ့ တိုင်းရင်းသားတွေကို ကိုယ့်ရဲ့မိဘအရင်းအချာအဖြစ် သဘောပိုက်ပြီး ကျန်းမာရေးအတွက် ပြုစုစောင့်ရှောက်ကြဖို့ မှာကြားလိုတယ်။

**ရဲဘော်တို့-**

**သမားဇာနည်၊ အောင်စစ်သည်**များဖြစ်ကြတဲ့ ရဲဘော်တို့ဟာ တပ်မတော်ဆေးဘက်ဆိုင်ရာ တာဝန်တွေကို ထမ်းဆောင်ရတဲ့နည်းတူ နိုင်ငံတော်ကာကွယ်ရေးအတွက် ခြေလျင်တိုက်ပွဲကိုလဲ ဆင်နွှဲနိုင်ကြရမှာဖြစ်တယ်။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်တွေဟာ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းမှာ ဆေးဘက်တာဝန်သာမက ရန်သူကို ရှပ်ရှပ်ချွံချွံတိုက်ခိုက်ခဲ့ကြတဲ့အတွက် စွမ်းရည်သတ္တိဆိုင်ရာ ဘွဲ့တံဆိပ်တွေရရှိခဲ့ကြတဲ့ သာဓကဟာ ရှိပြီးဖြစ်တယ်။ ရဲဘော်တို့ဟာ ဒီအစဉ်အလာကောင်းတွေကို ဆက်လက်သယ်ပိုးသွားကြရမယ်။

## ဆက်လက်လေ့ကျင့်

နိုင်ငံတော်ကာကွယ်ရေးအတွက် ရဲဘော်တို့ကို တပ်စုမှူးအဆင့် စစ်ပညာနဲ့ စစ်ဘက်ခေါင်းဆောင်မှုတွေကို လေ့ကျင့်သင်ကြားပေးထားပြီးဖြစ်တယ်။ နောင်ကိုလဲ စစ်ပညာသင်တန်းတွေမှာ တစ်ဆင့်ပြီးတစ်ဆင့် ဆက်လက်လေ့ကျင့်သွားကြရမှာ ဖြစ်တယ်။ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်ကြမယ့်ရဲဘော်တို့ဟာ မျိုးချစ်စိတ်ဓာတ်ထက်သန်ပြီး ရဲဝံ့စွန့်စားတဲ့ စစ်ခေါင်းဆောင်တွေ ဖြစ်ကြရမယ်။

**ရဲဘော်တို့-**

စစ်ဘက်ခေါင်းဆောင်မှုရဲ့ အခြေခံအကျဆုံး လိုအပ်ချက်ဟာ တစ်ခုတည်းသော ရည်မှန်းချက်တာဝန်ကို တပ်ဖွဲ့ဝင်အားလုံးက စိတ်အားထက်သန်စွာနဲ့ တက်ညီလက်ညီ ဆောင်ရွက်ရေးပဲဖြစ်တယ်။ ဒါကြောင့် ခေါင်းဆောင်တစ်ယောက်ဟာ လက်အောက်ခံတပ်ဖွဲ့ဝင်တွေရဲ့ ယုံကြည်ကိုးစားအားထားခြင်းကို ရရှိဖို့လိုတယ်။

## ထူးချွန်ထက်မြက်

လက်အောက်ခံတပ်ဖွဲ့ဝင်တွေရဲ့ ယုံကြည်အားကိုးမှုကို ရရှိဖို့အတွက် စစ်ဘက်ခေါင်းဆောင်တစ်ယောက်ဟာ ခေါင်းဆောင်မှုအင်္ဂါရပ် (၁၆)ရပ်နဲ့အညီ ကျင့်ကြံနေထိုင်ရမယ်။ တပ်မတော်ရဲ့ အစဉ်အလာ (၁၂)ရပ်ကို ဆက်လက်သယ်ပိုးနိုင်စွမ်းရှိရမယ်။ သာမန်ထက်ပိုပြီး ရဲစွမ်းသတ္တိရှိရမယ်၊ ထူးချွန်ထက်မြက်မှုရှိရမယ်။ ဒါမှသာ တပ်ဖွဲ့ဝင်တွေက ခေါင်းဆောင်အဖြစ် လေးစားကြည်ညိုခြင်းကို ခံရမှာဖြစ်တယ်။

**ရဲဘော်တို့-**

တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့ရဲ့ ရည်မှန်းချက်ဟာ **ကျန်းမာ၊ ကြံ့ခိုင်၊ တိုက်နိုင်ရန်** ဖြစ်တယ်။ ဒီရည်မှန်းချက် အောင်မြင်ဖို့အတွက် **စေတနာ၊ အကြင်နာ၊ ဘေးကင်းကွာ**ဆိုတဲ့ ဆောင်ပုဒ်ကို လက်ကိုင်ထားပြီး ကျန်းမာရေးစောင့်ရှောက်မှုတာဝန်ကို ထမ်းဆောင်ကြရတာဖြစ်တယ်။

စစ်မြေပြင်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းအတွက် နယ်မြေဒေသအလိုက် တည်ရှိတဲ့ သဘာဝပတ်ဝန်းကျင်နဲ့ ဖြစ်ပွားလေ့ရှိတဲ့ ရောဂါမျိုးစိတ်တွေကို သုတေသနပြုဖို့လိုတယ်။ ဒါ့အပြင် စစ်ပွဲအတွင်း သုံးစွဲလာတဲ့ လက်နက်အသစ်အဆန်းတွေကြောင့် ဖြစ်နိုင်တဲ့ ထိခိုက်မှုတွေကိုလဲ လေ့လာထားရမယ်။ ဒါမှသာ ဆေးဝန်ထမ်းတပ်ဖွဲ့ဟာ တိုက်ခိုက်ရေးအင်အားကို ထိန်းသိမ်းထောက်ကူနိုင်မှာဖြစ်တယ်။

## အင်တိုက်အားတိုက်

ဒါ့အပြင် တပ်မတော်သားတိုင်း ရှေးဦးသူနာပြု အတတ်ကို တတ်ကျွမ်းအောင် သင်ကြားပေးဖို့လိုတယ်။ ရှေးဦးသူနာပြုလုပ်ငန်းနဲ့ ရောဂါကာကွယ်ရေးလုပ်ငန်းတို့ရဲ့ အရေးပါပုံကို တပ်မတော်သားတိုင်းနဲ့ မိသားစုဝင်တိုင်း နားလည်အောင် အခွင့်အခါရတိုင်း ဟောပြောပို့ချသင်ကြားပေးကြရမယ်။ စစ်မြေပြင်မှာ ဆရာဝန်ဟာ စစ်သည်တိုင်းနဲ့ အနီးကပ်ရှိနေနိုင်တာ မဟုတ်တဲ့အတွက် စစ်သည်တွေဟာ မိမိကိုယ်မိမိ စောင့်ရှောက်တတ်ဖို့ အထူးလိုအပ်တယ်။ ဒါကြောင့် ကျန်းမာရေးအသိပညာပေးလုပ်ငန်းကို အင်တိုက်အားတိုက် ဆောင်ရွက်ကြဖို့ မှာကြားလိုတယ်။

**ရဲဘော်တို့-**

နိဂုံးအားဖြင့် ပြောကြားရရင် တပ်မတော်သား ဆေးဘက်ပညာသည်များဖြစ်တဲ့ ရဲဘော်တို့ဟာ စစ်သည်တော်ကျင့်ဝတ်ကို ခါးဝတ်ပုဆိုးပမာ မြဲမြဲကြရမယ့်အပြင် ဆေးဝန်ထမ်းတစ်ဦးရဲ့ ကျင့်ဝတ်သိက္ခာကိုလဲ စောင့်ထိန်းကြရမယ်။ စစ်ဘက်ခေါင်းဆောင်ငယ်တစ်ဦးအဖြစ်နဲ့ သတ္တိ၊ ဗျတ္တိရှိသလို၊ ဆေးပညာမှာလဲ ထူးချွန်ထက်မြက်ကြရမယ်။ လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝတဲ့ ဆေးဘက်ဆိုင်ရာ တပ်မတော်အရာရှိကောင်းများအဖြစ် တာဝန်နဲ့ဝတ္တရားကို အလေးအနက်ထားပြီး ထမ်းဆောင်ကြဖို့မှာကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။ ။ **(သတင်းစဉ်)**

# ဗီယက်နမ်၏ ပင်လယ်အစားအစာ ပြည်ပတင်ပို့မှုမြင့်တက်

ဟန္နိုင်း ဒီဇင်ဘာ ၂၈

**ဗီယက်နမ်နိုင်ငံ၏ ပင်လယ်အစားအစာ တင်ပို့မှုသည် ယခုနှစ်တွင် အမေရိကန်ဒေါ်လာ ၃ဒသမ ၄ဘီလီယံခန့် ရရှိမည်ဟု ခန့်မှန်းထားကြောင်း၊ ထိုသို့တိုးတက်ရရှိမှု အနေအထားမှာ ယခင်နှစ်ကထက် ၂၅ဒသမ ၉ရာခိုင်နှုန်းကျော် တိုးတက်ခြင်းပင် ဖြစ်ကြောင်း ဗီယက်နမ်နိုင်ငံ ပင်လယ်အစားအစာ ပြည်ပတင်ပို့သူနှင့် ထုတ်လုပ်သူများက ဒီဇင်ဘာ ၂၆ ရက်၌ ပြောကြားသည်။**

ဗီယက်နမ်နိုင်ငံအနေဖြင့် ထိုသို့ ပင်လယ်အစားအစာ တင်ပို့ရာတွင် ပင်လယ်ငါးခူတန်ချိန် နှစ်သိန်းခွဲကို နိုင်ငံပေါင်း ၆၅နိုင်ငံသို့ တင်ပို့ခဲ့ရာ ဝင်ငွေ အမေရိကန်ဒေါ်လာ ၆၆၁ သန်း ရရှိခဲ့ကြောင်း၊ ပြီးခဲ့သည့်နှစ်ကထက် အမေရိကန်ဒေါ်လာ ၃၂၈ သန်း ပိုမို ရရှိခဲ့ကြောင်း သိရသည်။

**ရည်မှန်း**

ဗီယက်နမ်နိုင်ငံသည် ၂၀၀၆-၂၀၁၀ပြည့်နှစ် ကာလအတွင်း နှစ်စဉ် ပင်လယ်အစားအစာ တင်ပို့မှု ၉ရာခိုင်နှုန်းကျော် တိုးတက်စေရန် ရည်မှန်းချက်ထားရှိကြောင်း၊ ၂၀၁၀ ပြည့်နှစ်တွင် ပင်လယ်အစားအစာမှ ဝင်ငွေ အမေရိကန်ဒေါ်လာ၄ဘီလီယံမှ၄ဒသမ ၅ဘီလီယံအထိ ရရှိရန် ရည်မှန်းထားကြောင်းလည်း ၎င်းတို့က ပြောကြားသည်။

**တိုးမြှင့်**

ဗီယက်နမ်နိုင်ငံအနေဖြင့် ပင်လယ်အစားအစာ အမျိုးအစားများစွာကို တရုတ်၊ ဂျပန်၊ အမေရိကန်၊ ဥရောပသမဂ္ဂနှင့် ရုရှားနိုင်ငံတို့အပြင် အရှေ့အလယ်ပိုင်းဒေသ နိုင်ငံများ၊ အရှေ့ဥရောပ၊ အာဖရိကနှင့်တောင်အမေရိက နိုင်ငံများသို့ တိုးမြှင့်တင်ပို့သွားမည်ဖြစ်ကြောင်း ဗီယက်နမ်နိုင်ငံ၏ ပင်လယ်အစားအစာ ထုတ်လုပ်သူနှင့် ပြည်ပတင်ပို့သူများအသင်းက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**



**တရုတ်နိုင်ငံ အနောက်တောင်ပိုင်း စီချွမ်ပြည်နယ် ချန်ဒူးမြို့တွင် မော်တော်ယာဉ်များ ရောင်းချရာနေရာ၌ ပြသထားသော မော်တော်ယာဉ်များကို ဒီဇင်ဘာ ၂၆ ရက်က တွေ့ရစဉ်။**

(တရုတ်နိုင်ငံသည် မော်တော်ယာဉ် ထုတ်လုပ်ရေး လုပ်ငန်းများ၌ ရင်းနှီးမြှုပ်နှံမှုများ တိုးတက်မြင့်မားလာလျက်ရှိရာ နှစ်စဉ် စီးပွားရေးတိုးတက်မှုကို ပံ့ပိုးပေးလျက်ရှိသည်။) **(ဓာတ်ပုံ-အင်တာနက်)**

# သဘာဝဓာတ်ငွေ့ ဈေးနှုန်းမြှင့်ရန် ရုရှားနှင့်မော်ဒိုဗာတို့ သဘောတူညီ

**မော်စကို ဒီဇင်ဘာ ၂၈**

ရုရှားဓာတ်ငွေ့ကုမ္ပဏီကြီး ဂတ်ပရွမ်နှင့် မော်ဒိုဗာတို့သည်လာမည့်နှစ်တွင် သဘာဝဓာတ်ငွေ့ဈေးနှုန်း အနည်းငယ်မြှင့်တင်ရန် ဒီဇင်ဘာ ၂၆ ရက်တွင် သဘောတူညီလိုက်ကြသည်။

ဂတ်ပရွမ်က သဘာဝဓာတ်ငွေ့ ၁၀၀၀ ကုဗမီတာလျှင် ဒေါ်လာ ၁၆၀ ဖြင့် မော်ဒိုဗာသို့ ပေးပို့နေရာမှ ဒေါ်လာ ၁၇၀ ဖြင့် တင်ပို့ပေးမည်ဖြစ်ကြောင်း ဂတ်ပရွမ်၏ ပြောခွင့်ရပုဂ္ဂိုလ် ဆာဂျီ ကူပရီယာနော့ဗ်၏ ပြောကြားချက်ကို အင်တာဖက်စ်သတင်းဌာနက ကိုးကား ဖော်ပြသည်။

မော်ဒိုဗာသို့ ဓာတ်ငွေ့တင်ပို့ရောင်းချနေမှုကို ၂၀၁၁ခုနှစ်အထိဥရောပ အဆင့်ရောက်ရန် တဖြည်းဖြည်းဈေးမြှင့်သွားမည်ဖြစ်ကြောင်း ကူပရီနော့ဗ်က ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

# အီရန်၏ ယူရေနီယံ သန့်စင်စက်ရုံ စက်ဒလက်အလုံး ၃၀၀၀ တပ်ဆင်သွားမည်ဟုဆို

**တီဟီရန် ဒီဇင်ဘာ ၂၈**

အီရန်နိုင်ငံအနေဖြင့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်ကို တုံ့ပြန်သည့်အနေဖြင့် ယူရေနီယံ သန့်စင်စက်ရုံတစ်ရုံ၌ စက်ဒလက် ၃၀၀၀ တပ်ဆင်သွားမည်ဖြစ်ကြောင်း ခေဟမ်းသတင်းစာက ဖော်ပြသည်။

အီရန်နိုင်ငံသည် ၎င်း၏နာသန့်စ်ယူရေနီယံ သန့်စင်စက်ရုံ၌ ဒီဇင်ဘာ ၂၄ ရက်မှစ၍ စက်ဒလက် ၃၀၀၀ တပ်ဆင်လျက်ရှိကြောင်း အီရန်ထိပ်တန်းနျူကလီးယား ညှိနှိုင်းရေးမှူး အလီလာရီဂျာနီက အဆိုပါသတင်းစာသို့ ပြောကြားသည်။

ယင်းဆောင်ရွက်မှုသည် လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်ကို မထီမဲ့မြင်ပြု၍ ဆောင်ရွက်လိုက်ခြင်းဖြစ်ပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီက အီရန်နိုင်ငံ၏ ယူရေနီယံသန့်စင်သည့် လုပ်ငန်းကိုရပ်တန့်ပေးရန် တောင်းဆိုလိုက်ခြင်းဖြစ်ကြောင်း သိရသည်။ အီရန်နိုင်ငံက ၎င်း၏ ယူရေနီယံ သန့်စင်သည့် လုပ်ငန်းမှာ လျှပ်စစ်ဓာတ်အား ထုတ်ယူသုံးစွဲရန်သာဖြစ်ကြောင်း အခိုင်အမာ ပြောကြားလျက်ရှိသည်။ **အမ်အင်အေ၊ဆင်ဟွာ**




# မလေးရှားနိုင်ငံ ရေလွှမ်းနယ်မြေများ တုပ်ကွေးနှင့်ဝမ်းရောဂါများ မဖြစ်ပွားရေးသတိပေး

ကွာလာလမ်ပူ ဒီဇင်ဘာ ၂၈

**မလေးရှားနိုင်ငံ ဂျိုဟာပြည်နယ်ရှိ ရေလွှမ်းမိုးခံရသောနယ်မြေများတွင် ကာလဝမ်းရောဂါနှင့် တုပ်ကွေးရောဂါဖြစ်ပွားနိုင်မှု ရှိသည့်အတွက် မလေးရှား ကျန်းမာရေးအာဏာပိုင်များက အဆင့်မြင့်သတိပေးချက်များ ထုတ်ပြန်ထားကြောင်း မလေးရှားမီဒီယာများက ဒီဇင်ဘာ ၂၄ ရက်၌ ဖော်ပြသည်။**

မလေးရှားနိုင်ငံ ဂျိုဟာပြည်နယ် တောင်ဘက်ရှိ ရေလွှမ်းမိုးခံရသည့် နယ်မြေများတွင် အဆိုပါရောဂါများ ဖြစ်ပွားနိုင်မှုရှိရာ အဆိုးရွားဆုံးရေလွှမ်းမိုးခံရသည့် အရပ်ဒေသမှာ စီဂါမက်ခရိုင်ဖြစ်ကြောင်း၊ ရေလွှမ်းမိုးခံရပြီး ငါးရက်အတွင်း ဝမ်းရောဂါဖြစ်ပွားသူ သုံးဦးရှိကြောင်း စီဂါမက်ခရိုင်မှ ကျန်းမာရေးအရာရှိ ဇာဟာရက်မို့ဒ်ဆာလက်က ပြောကြားသည်။

**စစ်ဆေး**

ယခုကဲ့သို့ ဝမ်းရောဂါများဖြစ်ပွားရခြင်းမှာ သောက်သုံးရေမသန့်ရှင်းမှုများကြောင့် ဖြစ်ကြောင်း ဘာနာမာသတင်းဌာနက ပြောကြားသည်။

မလေးရှား ကျန်းမာရေးဝန်ကြီးဌာနက အဖွဲ့ဝင် ၆၀ ပါရှိသော အဖွဲ့တစ်ဖွဲ့ကိုစေလွှတ်ပြီး ရောဂါဖြစ်ပွားမှုများကို စစ်ဆေးခဲ့ရာ တုပ်ကွေးရောဂါဖြစ်ပွားမှု မရှိကြောင်း သိရသည်။

**တိုက်တွန်းနှိုးဆော်**

ရောဂါဖြစ်ပွားသူများ အနေဖြင့် နီးစပ်ရာကျန်းမာရေးကုသမှုဌာနများ၌ သွားရောက်ကုသနိုင်ရန်လည်း တိုက်တွန်း နှိုးဆော်ပေးလျက်ရှိကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

# ကမ္ဘာတစ်လွှား ထူးထူးခြားခြား

## အကြီးဆုံး ကိတ်မုန့်



**ကမ္ဘာပေါ်တွင် အကြီးဆုံး ကိတ်မုန့်ကြီးတစ်ခုကို တွေ့ရစဉ်။** (ယာပုံ)

တရုတ်နိုင်ငံ ရှန်တုန်ပြည်နယ် ဝီဖန်မြို့တွင် ကိတ်မုန့်လုပ်သူသုံးဦးက ဆီ ကီလိုဂရမ် ၂၀၊ ဂျုံမှုန့်ကီလိုဂရမ် ၅၀၊ နို့ပုံးပေါင်း ၁၂၀နှင့် ဥအလုံး ၁၂၀၀၀ တို့ကို စုပေါင်းကာ ကိတ်မုန့်ကြီးတစ်ခုပြုလုပ်ခဲ့ရာ ကမ္ဘာပေါ်တွင် အကြီးဆုံး ကိတ်မုန့်တစ်ခုဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**



## ကမ္ဘာ့အကြီးဆုံး ရေနွေးကရား

**ကမ္ဘာ့အကြီးဆုံး ရေနွေးကရားကြီး တစ်ခုကိုပြသထားစဉ်။** (ဝဲပုံ)

တရုတ်နိုင်ငံ ကျန်စုပြည်နယ် အရှေ့ပိုင်းချန်စုမြို့တွင် ဘိလပ်မြေဖြင့် ပြုလုပ်ထားသည့် ရေနွေးကရားကြီး တစ်ခုမှာ အမြင့် ၅ ဒသမ ၅ မီတာရှိပြီး လူငါးဦးက ရက်ပေါင်း ၃၀ အတွင်း အပြီးပြုလုပ်ခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**

# ပါကစ္စတန် လေဆိပ်တစ်ခု၌ ဗုံးပေါက်ကွဲမှုဖြစ်ပွား

**ကရာချိ ဒီဇင်ဘာ ၂၈**

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ဘက် ဖရွန်တီးယားပြည်နယ် မြို့တော်ပီရှာဝါ လေဆိပ်အပြင်ဘက်တွင် ဒီဇင်ဘာ ၂၆ ရက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ လူတစ်ဦး သေဆုံးခဲ့ကြောင်း အင်တာနက်သတင်းတစ်ရပ်၌ ဖော်ပြသည်။

**ပေါက်ကွဲ**

ပီရှာဝါလေဆိပ် အဝင်ပေါက်အနီး မော်တော်ယာဉ်ရပ်နားရာစခန်းတွင် ဗုံးပေါက်ကွဲခြင်းဖြစ်ခဲ့ပြီး လူနှစ်ဦးလည်း ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါ ဗုံးပေါက်ကွဲချိန်တွင် ၎င်းလေဆိပ်မှ အရှေ့အလယ်ပိုင်းဒေသသို့ ထွက်ခွာသွားမည့် ခရီးသည်များ၊ အရှေ့အလယ်ပိုင်းနိုင်ငံများမှ ရောက်ရှိလာသော ခရီးသည်များနှင့် စည်ကားနေသော အချိန်ဖြစ်သည်။

**ပြောကြား**

ပီရှာဝါမြို့တွင် မကြာမီက ဗုံးပေါက်ကွဲမှု တစ်ရပ်ကြောင့် လူခြောက်ဦး သေဆုံးခဲ့ရသည်။ ယခုဗုံးပေါက်ကွဲမှုနှင့် ပတ်သက်၍ တစ်စုံတစ်ဦးကမျှ မိမိတို့လက်ချက်ဖြစ်ကြောင်း၊ ရှင်းလင်းချက်မထုတ်သေးကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဗုံးပေါက်ကွဲမှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများကို မိမိတို့ပြုလုပ်နေပြီဖြစ်ကြောင်း၊ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ကြောင်း ရဲတပ်ဖွဲ့အရာရှိတစ်ဦးဖြစ်သူ မာလစ်ဆတ်က ပြောကြားသည်။ **(အင်တာနက်)**

# ဖွဲ့စည်းပုံအခြေခံဥပဒေအား ပြင်ဆင်သည့် အဆိုပြုချက်တွင် အခြားမသက်ဆိုင်သည့် အဆိုပြုချက်များမပါဝင်စေဘဲ ဥပဒေမူကြမ်းအဖြစ်ဖြင့်သာ တင်သွင်းခွင့်ရှိ



ရန်ကုန် ဒီဇင်ဘာ ၂၈

**ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ဒီဇင်ဘာ၂၇ ရက်က ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင်ပါဝင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်း၊ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်းနှင့် အထွေထွေပြဋ္ဌာန်းချက်များ အခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တင်ပြသည့် တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့၏ အကြံပြုချက်စာတမ်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–**

လေးစားအပ်ပါသော သဘာပတိကြီးနှင့် သဘာပတိအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ၊ စီမံခန့်ခွဲရေးကော်မတီတို့မှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကိုယ်စားလှယ်များခင်ဗျား–

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာ၌ ပါဝင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်း၊ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်း၊ အထွေထွေပြဋ္ဌာန်းချက်များအခန်းတို့အတွက် အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်နိုင်ရေးနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက ၂၀၀၆ ခုနှစ် နိုဝင်ဘာလ ၁၀ရက်နှင့် ၁၃ရက်နေ့များတွင် ကျင်းပခဲ့သည့် အမျိုးသားညီလာခံစုံညီအစည်းအဝေးမှာ ရှင်းလင်းပြောကြားခဲ့ပြီး ဖြစ်ပါတယ်။ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်များအပေါ် ကျွန်တော်တို့ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့မှ အမျိုးသားညီလာခံ ကိုယ်စားလှယ်များက ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အထောက်အကူဖြစ်စေရန် နိုင်ငံတော်အကျိုးကို ရှေးရှု၍ အပြုသဘောဆောင်သည့် အကြံပြုချက်များကို တင်ပြသွားမှာ ဖြစ်ပါတယ်။

တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့မှာ ပြည်ထောင်စုတစ်ဝန်းလုံးမှ တက်ရောက်လာကြသူများဖြစ်သည့်အတွက် ပြည်နယ်၊ တိုင်း ၁၄ခုက တိုင်းရင်းသားလူမျိုးစုံ၊ လူတန်းစားစုံ၊ အလွှာစုံ ပါဝင်ကြပါတယ်။ စာတမ်းရေးသားရာတွင်လည်း တစ်ဦးချင်း၏ အကြံဉာဏ်များကို အခြေခံကာ ပြည်နယ်၊ တိုင်းအလိုက်နဲ့ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့၏ စာတမ်းပြုစုရေးအဖွဲ့များ ဖွဲ့စည်းပြီး ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြပါတယ်။

အကြံပြုစာတမ်းတွင် အတိတ်သမိုင်းမှ အတွေ့အကြုံများကို သင်ခန်းစာယူပြီး လက်ရှိပကတိ အခြေအနေများအပေါ်တွင် လေ့လာသုံးသပ်ကာ ပြည်ထောင်စုကြီး စည်းလုံးညီညွတ်စွာဖြင့် ထာဝစဉ် တည်တံ့ခိုင်မြဲရေးကို ဦးတည်လျက် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်များကို အသေးစိတ်အခြေခံရမယ့် မူများအဖြစ် ချမှတ်သင့်ကြောင်း ထောက်ခံတင်ပြချက်နှင့် အစုအဖွဲ့၏ သီးခြားအကြံပြုချက်များကိုပါ ဤစာတမ်းတွင် ရေးသားတင်ပြထားပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာမှာ အခန်းတစ်ခန်းအဖြစ် ပါဝင်မယ့် **“ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်း”** နဲ့စပ်လျဉ်းပြီး အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက အောက်ပါအတိုင်း ရှင်းလင်းပြောကြားခဲ့ပါတယ်။

နိုင်ငံတစ်နိုင်ငံမှာ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ကို ရေးဆွဲပြဋ္ဌာန်းပြီးတဲ့နောက် အခြေအနေနဲ့ အချိန်ကာလအလျောက် ပြင်ဆင်ဖို့ လိုအပ်လာရင် ပြင်ဆင်ပေးရမှာ ဖြစ်ပါတယ်။ ဒီလိုပြင်ဆင်ခြင်းနဲ့ စပ်လျဉ်းပြီး ကမ္ဘာ့နိုင်ငံအချို့ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတွေကို လေ့လာကြည့်ရာမှာ နည်းလမ်းနှစ်သွယ်နဲ့ ပြင်ဆင်လေ့ရှိကြတာ တွေ့ရှိရပါတယ်။ ပထမနည်းလမ်းက ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်အချို့ကို လွှတ်တော်ကိုယ်စားလှယ်အားလုံးရဲ့ ၇၅ ရာခိုင်နှုန်းက ဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်အားလုံး၏ သုံးပုံနှစ်ပုံက ဖြစ်စေ ပြင်ဆင်ရန် သဘောတူလက်ခံပြီးနောက် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပ၍ ပြင်ဆင်တဲ့နည်းလမ်းဖြစ်ပါတယ်။ ဒုတိယနည်းလမ်းကတော့ ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်အချို့ကို လွှတ်တော်ကိုယ်စားလှယ်အားလုံး၏ ၇၅ ရာခိုင်နှုန်းက ဖြစ်စေ၊ သုံးပုံနှစ်ပုံကဖြစ်စေ သဘောတူလက်ခံပြီး ပြင်ဆင်ခြင်းဖြစ်ပါတယ်။ အဲဒီလို ပြင်ဆင်နိုင်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ သီးခြားအခန်းဖြင့် ပြဋ္ဌာန်းထားလေ့ရှိတာကိုလည်း လေ့လာတွေ့ရှိရပါတယ်။ ပြည်ထောင်စုမြန်မာနိုင်ငံရဲ့ ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနဲ့ ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတို့တွင်လည်း ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြင်ဆင်ခြင်းနဲ့ စပ်လျဉ်းပြီး သီးခြားအခန်းဖြင့် ပြဋ္ဌာန်းထားတာ တွေ့ရှိရပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နောင်ပေါ်ပေါက်လာမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တွင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ဟူ၍ လွှတ်တော်နှစ်ရပ်ရှိမှာ ဖြစ်ပါတယ်။ ယင်းလွှတ်တော် နှစ်ရပ်ပေါင်းကို ပြည်ထောင်စုလွှတ်တော်လို့ခေါ်ပြီး အဲဒီ ပြည်ထောင်စုလွှတ်တော်ကသာ ဥပဒေများကို ရေးဆွဲပြဋ္ဌာန်းသွားမှာ ဖြစ်ပါတယ်။ အဲဒီလို ပြင်ဆင်ချက် ဥပဒေမူကြမ်းကို တင်သွင်းတဲ့အခါ ပြည်ထောင်စုလွှတ်တော်သို့ တိုက်ရိုက်တင်သွင်းခွင့် မပြုသင့်ဘဲ ပြဋ္ဌာန်းချက်တစ်ရပ် သတ်မှတ်ထားပြီး အဲဒီပြဋ္ဌာန်းချက်နဲ့ကိုက်ညီမှ တင်သွင်းရမယ်လို့ သတ်မှတ်ထားသင့်ပါတယ်။

ဒီအချက်နဲ့စပ်လျဉ်းပြီး ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ ၂၀၉(၂)မှာ **“ထိုဥပဒေကြမ်းကို ပါလီမန်ဆိုင်ရာ လွှတ်တော်အသီးသီးက အတည်ပြုပြီးနောက် လွှတ်တော်နှစ်ရပ်လုံးကပင် တွဲဖက်အစည်းအဝေး၌ စဉ်းစားဆွေးနွေးရမည်”** လို့ ပြဋ္ဌာန်းထားတာ တွေ့ရှိရပါတယ်။ ထိုဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင် ပြင်ဆင်ချက် ဥပဒေမူကြမ်းကို လွှတ်တော် တစ်ရပ်ရပ်မှာ စတင် တင်သွင်းနိုင်တာကြောင့် စတင်တင်သွင်းတဲ့လွှတ်တော်က အတည်ပြုပြီးမှ လွှတ်တော်နှစ်ရပ်ပေါင်း အစည်းအဝေးမှာ စဉ်းစားဆွေးနွေးရမယ်လို့ သတ်မှတ်ထားတာ ဖြစ်ပါတယ်။ အသစ်ဖြစ်ပေါ်လာမယ့် ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ပြင်ဆင်ချက်ဥပဒေမူကြမ်းကို ပြည်ထောင်စုလွှတ်တော်သို့သာ တင်သွင်းနိုင်တဲ့ သဘောဖြစ်တာကြောင့် ဒီလိုမတင်သွင်းမီ ပြည်ထောင်စုလွှတ်တော်မှာရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်အားလုံးအနက် စုစုပေါင်းရဲ့ ၂၀ရာခိုင်နှုန်းက တင်ပြမှသာ ပြည်ထောင်စုလွှတ်တော်က လက်ခံဆွေးနွေးဖို့ သတ်မှတ်ထားသင့်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ဖွဲ့စည်းပုံအခြေခံဥပဒေပါ မည်သည့်ပြဋ္ဌာန်းချက်များကို မည်သို့ပြင်ဆင်ရမည်ဆိုတဲ့အချက်နဲ့ စပ်လျဉ်းပြီး ကမ္ဘာ့နိုင်ငံအချို့ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေများကို လေ့လာကြည့်တဲ့အခါ နိုင်ငံအချို့က ၎င်းတို့နိုင်ငံရဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေပါ အဓိကပြဋ္ဌာန်းချက်များကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ပြုလုပ်ပြီး ပြည်သူအများစုရဲ့ ဆန္ဒကိုရယူပြီးမှ ပြင်ဆင်နိုင်တယ်လို့ ပြဋ္ဌာန်းထားပြီး



**ဖတ်ကြား**

**ရှမ်း ပြည် နယ် (အရှေ့ပိုင်း)မှ ကိုယ်စားလှယ် ဦးအားဖာ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့၏ အကြံပြုချက် စာတမ်းကို ဖတ်ကြား တင်ပြစဉ်။** (သတင်းစဉ်)

ပြဋ္ဌာန်းချက်အချို့ကို သက်ဆိုင်ရာလွှတ်တော်မှာရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်အားလုံးရဲ့ ၇၅ရာခိုင်နှုန်းရဲ့ သဘောတူညီချက်ရမှ ပြင်ဆင်နိုင်တယ်လို့ ပြဋ္ဌာန်းထားကြတာတွေ့ရှိရပါတယ်။ အချို့နိုင်ငံကတော့ ပြဋ္ဌာန်းချက်အချို့ကို လွှတ်တော်ကိုယ်စားလှယ်အားလုံးရဲ့ အချိုးကျဆန္ဒမဲဖြင့် ပြင်ဆင်နိုင်ကြောင်း ပြဋ္ဌာန်းထားတာ တွေ့ရှိရပါတယ်။

မြန်မာနိုင်ငံရဲ့ ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင် လွှတ်တော်နှစ်ရပ်၏ လက်ရှိအမတ်များအနက် သုံးပုံနှစ်ပုံအောက် မလျော့သောအမတ်များက တွဲဖက်အစည်းအဝေးတွင် ထောက်ခံ၍ မဲပေးမှသာလျှင် ထိုဥပဒေကြမ်းကို လွှတ်တော်နှစ်ရပ်လုံးက အတည်ပြုသည်ဟု မှတ်ယူရမည်လို့ ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရပြီး ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေတွင်မူ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ခြင်းနဲ့ စပ်လျဉ်းပြီး သီးခြားအခန်းတစ်ခန်းဖြင့် ဖော်ပြထားတာ တွေ့ရှိရပါတယ်။ အဲဒီအခန်းမှာ အဓိကကျသည့် ပုဒ်မများကို ပြင်ဆင်ရန်ရှိလျှင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အားလုံး၏ ၇၅ရာခိုင်နှုန်းက ပြင်ဆင်ရန် သဘောတူလက်ခံပြီးနောက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပ၍ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ အားလုံး၏ ထက်ဝက်ကျော် ဆန္ဒမဲဖြင့်သာ ပြင်ဆင်ရမည်ဟုလည်းကောင်း၊ အဆိုပါ ပြဋ္ဌာန်းချက်များမှအပ အခြားပြဋ္ဌာန်းချက်များကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အားလုံး၏ ၇၅ရာခိုင်နှုန်း ဆန္ဒမဲဖြင့်သာ ပြင်ဆင်ရမည်ဟုလည်းကောင်း ပြဋ္ဌာန်းထားတာ တွေ့ရှိရပါတယ်။

လေ့လာတွေ့ရှိချက်များအရ ဖွဲ့စည်းပုံအခြေခံဥပဒေတွေထဲမှာ ပြင်ဆင်ရမယ့် ပြဋ္ဌာန်းချက်တွေကို သက်ဆိုင်ရာအခန်း၊ ပုဒ်မတွေနဲ့ ခွဲခြားပြီး ဖော်ပြထားကြောင်း တွေ့ရှိရပါတယ်။ ဒီလိုဖွဲ့စည်းပုံအခြေခံဥပဒေပါအခန်း၊ ပုဒ်မတွေနဲ့ ခွဲခြားဖော်ပြမှသာ မည်သည့်အခန်း၊ မည်သည့်ပုဒ်မများကို မည်သည့်နည်းလမ်းဖြင့် ပြင်ဆင်ရမယ်ဆိုတာ ရှင်းလင်းလွယ်ကူစွာ သိရှိနိုင်မှာ ဖြစ်ပါတယ်။ ဒီလိုဖော်ပြနိုင်ဖို့ဆိုတာ ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းရေးဆွဲတဲ့အခါကျမှသာ အတိအကျ အသေးစိတ်ဖော်ပြသွားနိုင်မှာ ဖြစ်ပါတယ်။ ယခုအဆင့်ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲနိုင်ဖို့အတွက် အသေးစိတ် အခြေခံရမယ့်မူများ ချမှတ်နေတာဖြစ်လို့ အခန်းအလိုက်၊ ပုဒ်မအလိုက် ဖော်ပြရန်အခြေအနေမရှိသေးဟု သဘောရရှိပါတယ်။

ဒါကြောင့် ယခုအသေးစိတ်အခြေခံရမယ့်မူ ချမှတ်ရာတွင် ချမှတ်ထားပြီးဖြစ်တဲ့ အခန်းအလိုက် ခေါင်းစဉ်များအပေါ် အခြေပြု၍ မည်သည့်အခန်းကို မည်သည့်နည်းလမ်းဖြင့် ပြင်ဆင်နိုင်တယ်လို့ သတ်မှတ်ဖော်ပြသင့်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲတဲ့အခါကျမှ ပြင်ဆင်ရာတွင် လိုက်နာရမယ့် နည်းလမ်း၊ အခန်းနဲ့ပုဒ်မများကို အသေးစိတ်ဖော်ပြပြီး ပြဋ္ဌာန်းမှသာ ရှင်းလင်းလွယ်ကူမှာဖြစ်ကြောင်း သုံးသပ်တွေ့ရှိရပါတယ်။

ကျွန်တော်တို့ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့အနေဖြင့်လည်း နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာ၌ ပါဝင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်းတွင် အောက်ပါအချက်အလက်များကြောင့် အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်သင့်ပါတယ်လို့ သဘောရရှိပါတယ်–

**(က) ဖွဲ့စည်းပုံအခြေခံဥပဒေအား ပြင်ဆင်သည့် အဆိုပြုချက်တွင် အခြား မသက်ဆိုင်သည့် အဆိုပြုချက်များ မပါဝင်စေဘဲ ဥပဒေမူကြမ်းအဖြစ် ဖြင့်သာ တင်သွင်းခွင့်ရှိခြင်း၊**

(ခ) အဆိုပါ ဥပဒေမူကြမ်းအား လွှတ်တော်နှစ်ရပ်ပေါင်းဖြစ်သော ပြည်ထောင်စု လွှတ်တော်တွင်သာ တင်သွင်းနိုင်ခြင်း၊

(ဂ) ပြည်ထောင်စုလွှတ်တော်တွင်လည်း လွှတ်တော် ကိုယ်စားလှယ်အားလုံး၏ အနည်းဆုံး(၂၀ %)က တင်ပြမှသာ လွှတ်တော်က လက်ခံဆွေးနွေးရမှာဖြစ်ခြင်း၊

**(ဃ) အဓိကကျသော နိုင်ငံတော်အခြေခံမူများ၊ နိုင်ငံတော်ဖွဲ့စည်း တည်ဆောက်ပုံ၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့်တရားစီရင်ရေး ဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းများနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်းတို့ရှိ အချက်များအား ပြင်ဆင်လိုလျှင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် အားလုံး၏ (၇၅) ရာခိုင်နှုန်းကျော်က ပြင်ဆင်ရန် သဘောတူလက်ခံပြီးနောက် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ကျင်းပ၍ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ အားလုံး၏ ထက်ဝက်ကျော် ဆန္ဒမဲရရှိမှသာ ပြင်ဆင်ချက်သည် အတည်ဖြစ်မည်ဖြစ်ခြင်းနှင့် အခြားပြဋ္ဌာန်းချက်များကို ကိုယ်စားလှယ် အားလုံး၏ (၇၅) ရာခိုင်နှုန်းကျော် ဆန္ဒမဲဖြင့်သာ ပြင်ဆင်နိုင်သဖြင့် ဖွဲ့စည်းပုံ အခြေခံဥပဒေအား လွယ်လင့်တကူ မပြင်ဆင်နိုင်ခြင်း**

စသော အချက်အလက်များ ပြည့်စုံစွာပါရှိသောကြောင့် အသေးစိတ် အခြေခံရမယ့် မူများအဖြစ် ချမှတ်သင့်ပါကြောင်း ထောက်ခံတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ကျွန်တော်တို့ အစုအဖွဲ့အနေဖြင့် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့တဲ့ **ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်း** အတွက် ချမှတ်သင့်တဲ့ အသေးစိတ်အခြေခံရမယ့်မူများ စုစည်းချက်အပိုဒ်(၁)မှ(၄)အထိ အခြေခံမူများကို အထက်တွင် ထောက်ခံတင်ပြပြီး ဖြစ်ပါတယ်။ ထို့ပြင် သီးခြားအကြံပြုချက်အနေဖြင့် အချက်(၁) ချက်ကိုလည်း အောက်ပါအတိုင်း အကြံပြု ဆွေးနွေးတင်ပြအပ်ပါတယ်။

**သီးခြားအကြံပြုချက်**

လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ စုစည်းတင်ပြချက် အပိုဒ်(၃)နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း အကြံပြုတင်ပြအပ်ပါတယ်။

တစ်ကမ္ဘာလုံး ဆက်စပ်ယှက်နွယ်ပြောင်းလဲမှု(Globalization) ဖြစ်စဉ်အရသော်လည်းကောင်း၊ အခြေအနေနှင့် အချိန်အခါအလျောက် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ပြင်ဆင်ဖို့လိုအပ်လာလျှင် ပြည်ထောင်စုလွှတ်တော်က ပြင်ဆင်သွားမှာဖြစ်ပါတယ်။ ဤတွင် စုစည်းတင်ပြချက် အပိုဒ်(၃)တွင် **“ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်(၂၀)ရာခိုင်နှုန်းက တင်ပြလာလျှင်”** ဟူသော စကားရပ်ပါသည့်အတွက် လူနည်းစု၏ ဆန္ဒအတွက်လည်း ဒီမိုကရေစီနည်းကျကျ

**အဓိကကျသော နိုင်ငံတော်အခြေခံမူများ၊ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံ၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းများနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များ အခန်းတို့ရှိ အချက်များအား ပြင်ဆင်လိုလျှင် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ် အားလုံး၏ (၇၅)ရာခိုင်နှုန်းကျော်က ပြင်ဆင်ရန် သဘောတူလက်ခံပြီးနောက် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ကျင်းပ၍ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ ထက်ဝက်ကျော် ဆန္ဒမဲရရှိမှသာ ပြင်ဆင်ချက်သည် အတည်ဖြစ်မည်။**

အခွင့်အရေးပေးထားခြင်းကို ဝမ်းမြောက်မိပါတယ်။ ဆက်လက်၍ အဆိုပါအပိုဒ်(၃)ပါအတိုင်း အဆိုတင်သွင်းသော ဥပဒေမူကြမ်းကို ပြည်ထောင်စုလွှတ်တော်က လက်ခံဆွေးနွေးပြီးနောက် သက်ဆိုင်ရာအခန်း ပုဒ်မများအား သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ပြင်ဆင်ခြင်းကိုသော် လည်းကောင်း၊ ငြင်းပယ်ခြင်းကိုသော်လည်းကောင်း ဆန္ဒမဲများနှင့်ဆုံးဖြတ်ပေးမည်ဖြစ်ပါတယ်။ ထိုသို့ ပြင်ဆင်ခြင်းပြုပြီးသော၊ သို့မဟုတ် ငြင်းပယ်ခြင်းပြုပြီးသော ဥပဒေမူကြမ်းကိုပင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် (၂၀)ရာခိုင်နှုန်းက ပြည်ထောင်စုလွှတ်တော်သို့ ထပ်မံတင်သွင်းခြင်းသည် သင့်လျော်မည်မဟုတ်ပါ။ ခိုင်မာသည့်နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (An Enduring State Constitution) အား ပြင်ဆင်ရန် အကြိမ်ကြိမ် အဆိုတင်သွင်းခြင်းသည် မဖြစ်သင့်ဟု ယုံကြည်ပါ၍ ဆွေးနွေးဆုံးဖြတ်ပြီးသော ဥပဒေမူကြမ်းအား သဘောတူသည်ဖြစ်စေ၊ ငြင်းပယ်သည်ဖြစ်စေ ထပ်မံတင်သွင်းခွင့်ကို အချိန်ကာလတစ်ခု ကန့်သတ်ထားသင့်သည်ဟု ယူဆမိပါတယ်။ သို့ပါ၍ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏ (၂၀)ရာခိုင်နှုန်းရှိစေကာမူ **“ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် အဆိုတင်သွင်းသော ဥပဒေမူကြမ်းတစ်ခုအား ပြည်ထောင်စု လွှတ်တော်သက်တမ်းတစ်ခုအတွင်း၌ သင့်လျော်သော**

**စာမျက်နှာ ၆ ကော်လံ ၁ သို့**

# နိုင်ငံတော်သီချင်းအဖြစ် လက်ရှိ နိုင်ငံတော်သီချင်းကို သတ်မှတ် နေပြည်တော်သည် နိုင်ငံတော်၏ မြို့တော်ဖြစ်သည်

စာမျက်နှာ ၅ မှ

**သတ်မှတ်ကာလတစ်ခုအတွင်း နောက်တစ်ကြိမ်ထပ်မံ တင်သွင်းခြင်းမပြုသင့်သောကြောင့်”** လွှတ်တော်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ ပြဋ္ဌာန်းသည့်အခါ ထည့်သွင်းစဉ်းစားသင့်ကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

အမျိုးသားညီလာခံက သတ်မှတ်ထားရှိပြီးဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပါရှိမယ့် အခန်းအလိုက် ခေါင်းစဉ်များအနက် **“နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့်မြို့တော်အခန်း”**အတွက် ချမှတ်သင့်တဲ့ အသေးစိတ် အခြေခံရမယ့် မူများနဲ့ စပ်လျဉ်းလို့ တင်ပြပါ့မယ်။

လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင်တဲ့ နိုင်ငံတိုင်းမှာ နိုင်ငံတော်အလံ၊ နိုင်ငံတော် အထိမ်းအမှတ်တံဆိပ်၊ နိုင်ငံတော်သီချင်းနဲ့ မြို့တော်များကို သတ်မှတ်ထားလေ့ရှိကြပါတယ်။ အဲဒီလိုသတ်မှတ်တဲ့နေရာမှာလည်း ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ဖော်ပြပြဋ္ဌာန်းကြတဲ့ နိုင်ငံများရှိကြသလို ဥပဒေပြုလွှတ်တော်များက သီးခြားဥပဒေပြဋ္ဌာန်းပြီးဆောင်ရွက်ကြတဲ့ နိုင်ငံများလည်းရှိကြတာကို လေ့လာတွေ့ရှိရကြောင်း၊ နိုင်ငံတော်အလံကို ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ဖော်ပြပြဋ္ဌာန်းတဲ့အခါ နိုင်ငံတော်အလံကို မည်သို့မည်ပုံသတ်မှတ်ရန် ကိစ္စကိုသာ အဓိကထားပြီး ပြဋ္ဌာန်းလေ့ရှိကြကြောင်း၊ နိုင်ငံတော်အလံနဲ့ စပ်လျဉ်းပြီး အသုံးပြုကြရာမှာ လိုက်နာရမယ့် အချက်တွေ၊ ရှောင်ကြဉ်ရမယ့်အချက်တွေနဲ့ အဲဒီလို ရှောင်ရမယ့်အချက်၊ လိုက်နာရမယ့်အချက်စတာတွေကို ဖောက်ဖျက်ကျူးလွန်ရင် ချမှတ်ခံရမယ့် ပြစ်ဒဏ်အနည်းအများကိုတော့ ဥပဒေပြုလွှတ်တော်များက သီးခြားဥပဒေပြဋ္ဌာန်းထားလေ့ရှိတာကို လေ့လာတွေ့ရှိရကြောင်း လုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းပြောကြားခဲ့ပါတယ်။

နိုင်ငံတော်အလံကို သတ်မှတ်ကြရာမှာလည်း သက်ဆိုင်ရာ နိုင်ငံများအနေနဲ့ မိမိတို့ရဲ့နိုင်ငံမှာ ဖြစ်ပေါ်ခဲ့တဲ့ သမိုင်းကြောင်းကို အဓိကအခြေခံထားရှိပြီး သတ်မှတ်ပေးလေ့ရှိကြပါတယ်။ နိုင်ငံတော်အလံမှာ ဖော်ပြပါရှိတဲ့ အရောင်တွေကတော့ အများအားဖြင့် အဖြူရောင်၊ အနီရောင်၊ အပြာရောင်၊ အစိမ်းရောင်၊ အဝါရောင်၊ လိမ္မော်ရောင် စသည့်အရောင်တွေအနက် မိမိတို့နိုင်ငံရဲ့ သမိုင်းကြောင်းအရ လိုက်ဖက်ညီမယ့် အရောင်များကို သတ်မှတ်လေ့ရှိကြောင်း သိရှိရပါတယ်။

ပြည်ထောင်စု မြန်မာနိုင်ငံရဲ့ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပုဒ်မ ၂၁၅ မှာ နိုင်ငံတော်အလံနဲ့စပ်လျဉ်းပြီး နိုင်ငံတော်အလံ၏ အရွယ်အစားနဲ့တကွ ပါရှိရမယ့်အရောင် စသည့် အသေးစိတ် အချက်အလက်များကို ပြည့်စုံစွာ ပြဋ္ဌာန်းခဲ့တာတွေ သိရှိရပါတယ်။

၁၉၇၄ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေမှာတော့ ပုဒ်မ ၁၉၀ မှာ **“နိုင်ငံတော်အလံသည် အောက်မှာ ဖော်ပြထားသည့်အတိုင်းဖြစ်သည်”** လို့ ပြဋ္ဌာန်းထားရှိပြီး အလံတော်ရဲ့ ပုံသဏ္ဌာန်ကို ဖွဲ့စည်းပုံအခြေခံဥပဒေမှာပင် ဖော်ပြထားရှိတာ တွေ့ရှိရပါတယ်။

၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနဲ့ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေနှစ်ရပ်လုံးမှာ အသုံးပြုထားတဲ့ အရောင်တွေကတော့ အနီရောင်၊ အဖြူရောင်နဲ့ အပြာရောင်များဖြစ်ကြောင်း တွေ့ရှိရပါတယ်။ အနီရောင်ရဲ့ သဘောသဘာဝဟာ ရဲရင့်ပြတ်သားခြင်း၊ အဖြူရောင်ကတော့ သန့်ရှင်းစင်ကြယ်ခြင်း၊ အပြာရောင်ကတော့ ငြိမ်းချမ်းသာယာခြင်းနဲ့ တည်ကြည်ခြင်း သဘောကို ဆောင်တယ်လို့ အစဉ်တစိုက် ယုံကြည်လက်ခံခဲ့ကြောင်း တွေ့ရှိရပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် နှစ်ကာလကြာရှည်စွာကပင်တိုင်းရင်းသားလူမျိုးများသည် အေးအတူပူအမျှ ချစ်ခင်ရင်းနှီးစွာ စုပေါင်းနေထိုင်ခဲ့ကြတဲ့အလျောက် အမျိုးသားညီလာခံကလည်း နိုင်ငံတော်ကို ပြည်ထောင်စုစနစ်ဖြင့် ဖွဲ့စည်းတည်ဆောက်သည်ဟူ၍ လည်းကောင်း၊ နိုင်ငံတော်တွင် ပါဝင်သည့် တိုင်းဒေသကြီးများ၊ ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများ စသည့် နိုင်ငံတော်၏ နယ်မြေအပိုင်းအခြားဟူသမျှသည် နိုင်ငံတော်မှ မည်သည့်အခါမျှ ခွဲမထွက်ရဟူ၍ လည်းကောင်း အခြေခံရမယ့်မူများ ချမှတ်ခဲ့ပါတယ်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ပြည်ထောင်စုသားအားလုံး ဥမကွဲ သိုက်မပျက် စည်းလုံးညီညွတ်စွာ နေထိုင်ကြသည့်အလျောက် ပြည်ထောင်စု နိုင်ငံတော်ကို ကိုယ်စားပြုသည့် ကြယ်ဖြူပွင့်ကြီးကို ရောင်ခြည်လက်တစ်ခု အထက်ဘက်သို့ မတ်မတ်ညွှန်လျက် နိုင်ငံတော်အလံမှာ ဖော်ပြသင့်ကြောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဟာ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်လျက်ရှိတဲ့အတွက်ကြောင့် အဲဒီလို စိုက်ပျိုးရေးကို အခြေခံတဲ့ တိုင်းပြည်ဖြစ်ပြီး အေးချမ်းသာယာ၍ စိမ်းလန်းစိုပြည်သော နိုင်ငံအဖြစ် ဖော်ညွှန်းတဲ့ အစိမ်းရောင်ကိုလည်း နိုင်ငံတော်အလံမှာ ဖော်ပြသင့်ကြောင်း၊ ဒါ့အပြင် စည်းလုံးခြင်း၊ ညီညွတ်ခြင်း၊ ပြန်လည်စုစည်းခြင်းနဲ့ တိုင်းရင်းသားများ အားလုံး ချစ်ခင်ရင်းနှီးညီညွတ်စွာ စည်းစည်းလုံးလုံးရှိခြင်းတို့ကို အဓိပ္ပာယ် ဖော်ဆောင်တဲ့ အဝါရောင်ကိုလည်း ဖော်ပြသင့်ကြောင်း၊ အချို့နိုင်ငံများမှာ အဝါရောင်ကို မင်္ဂလာရှိသောတော်ဝင်အရောင်ဟု သတ်မှတ်ကြကြောင်း၊ ထို့အပြင် ရဲရင့်ခြင်း၊ ပြတ်သားခြင်းဟူသော အဓိပ္ပာယ်ကို ဖော်ဆောင်တဲ့ အနီရောင်ကိုလည်း ဖော်ပြသင့်ကြောင်း လုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းပြောကြားခဲ့ပါတယ်။

ထို့ပြင် နိုင်ငံတော်အလံမှာ တင်ပြပါ အရောင်များဖြစ်တဲ့ အစိမ်းရောင်၊ အဝါရောင်နဲ့အနီရောင် သုံးမျိုးဟာ မိမိတို့နိုင်ငံရဲ့ သဘာဝ အခြေအနေနဲ့ တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို ဖော်ဆောင်တဲ့အတွက် အဲဒီအရောင်သုံးမျိုးကို နိုင်ငံတော်အလံမှာ အလျားလိုက် အချိုးညီမျှစွာ ဖော်ပြသင့်သလို ထိပ်ဆုံး အစိမ်းရောင် လက်ဝဲဘက်တွင် ပြည်ထောင်စုကို ကိုယ်စားပြုတဲ့ ကြယ်ဖြူပွင့်ကြီး၏ ရောင်ခြည်လက်တစ်ခုကို အထက်ဘက်သို့ မတ်မတ်ညွှန်လျက် ဖော်ပြသင့်ကြောင်းလည်း ပါရှိပါတယ်။

ကျွန်တော်တို့ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့အနေဖြင့်လည်း နိုင်ငံတော်အလံတွင်ပါဝင်သော အစိမ်းရောင်သည် အေးချမ်းခြင်း၊ တည်ငြိမ်ခြင်း၊ အပြစ်ကင်းခြင်းတို့၏ သင်္ကေတဖြစ်သည်ဟု သဘောရရှိပါတယ်။ ၎င်းအပြင် ကျွန်တော်တို့နိုင်ငံသည် နိုင်ငံ့ဧရိယာ၏ (၅၁)ရာခိုင်နှုန်းမှာ သစ်တောများဖြင့် ဖုံးလွှမ်းလျက်ရှိပြီး နိုင်ငံတော်အနေဖြင့်လည်း စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကို ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် စီမံကိန်းများ ချမှတ်၍ ဆောင်ရွက်လျက်ရှိရာ ရာသီမရွေး သီးထပ်၊ သီးညှပ်များနှင့် အမြဲတမ်း စိမ်းလန်းစိုပြည်လျက်ရှိသောကြောင့် အစိမ်းရောင်သည် မိမိနိုင်ငံ၏ သင်္ကေတအဖြစ် မှတ်ယူသင့်ပြီး နိုင်ငံတော်အလံတွင် ဂုဏ်ရှိစွာ ပါဝင်သင့်ပါတယ်။

နိုင်ငံတော်အလံတွင် ပါဝင်သော အဝါရောင်မှာ ပညာဉာဏ်နှင့် ပြည့်စုံခြင်းကို ဖော်ညွှန်းသည်ဟု သဘောရရှိပါတယ်။ ၎င်းအပြင် မြန်မာနိုင်ငံ၏ နှစ်သစ်ဦးမင်္ဂလာအချိန်တွင် ဖူးပွင့်သော ပိတောက်ပန်းသည်လည်း မြန်မာတို့၏ သင်္ကေတတစ်ခုပင်ဖြစ်ပါတယ်။ ပိတောက်ပန်းအဝါရောင်သည် ရွှင်လန်းခြင်း၊ ထည်ဝါခြင်း၊ မင်္ဂလာရှိခြင်းဟူ၍ မြန်မာမှုနယ်ပယ်တွင် အစဉ်အလာ ယူဆခဲ့ကြပါတယ်။ ၎င်းအပြင် ကျွန်တော်တို့ နိုင်ငံဟာ မြေပေါ်မြေအောက် သယံဇာတပေါကြွယ်ဝကာ ၎င်းသယံဇာတများသည် ရွှေကဲ့သို့ တန်ဖိုးရှိသဖြင့် မြန်မာနိုင်ငံကို ရွှေနိုင်ငံ၊ ရွှေမြန်မာအဖြစ် တင်စားခေါ်ဝေါ်ကြပါတယ်။ ရွှေကဲ့သို့ တန်ဖိုးရှိပြီး ဥစ္စာနေ ပေါကြွယ်ဝမှုကို ဖော်ပြတဲ့ အဝါရောင်သည် နိုင်ငံတော်အလံတွင် ဝင့်ကြွားစွာ ပါဝင်သင့်ပါတယ်။

နိုင်ငံတော်အလံတွင်ပါဝင်သော အနီရောင်သည် ရဲရင့်ခြင်း၊ ပြတ်သားခြင်းတို့ကို ဖော်ညွှန်းသည်ဟု သဘောရရှိပါတယ်။ ၎င်းအပြင် မိမိတို့နိုင်ငံတော်ကို ကမ္ဘာတည်သရွေ့ အသက်၊ သွေး၊ ချွေးတို့ဖြင့် ပေးဆပ်စောင့်ရှောက်မည် ဖြစ်ကြောင်း သန္နိဋ္ဌာန်ချမှတ်မှု၏ သင်္ကေတလည်းဖြစ်ပါသဖြင့် အနီရောင်သည် နိုင်ငံတော်အလံတွင် တည်တံ့စွာ ပါဝင်သင့်ပါတယ်။

**ဖတ်ကြားတင်ပြ**

**မကွေးတိုင်းမှ ကိုယ်စားလှယ် ဦးမျိုးတင့် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့၏ အကြံပြုချက်စာတမ်းကို ဖတ်ကြားတင်ပြစဉ်။** (သတင်းစဉ်)



**နိုင်ငံတော်အလံတွင် အစိမ်းရောင်၊ အဝါရောင်နှင့် အနီရောင်တို့ကို အလျားလိုက် အချိုးညီစွာဖော်ပြပြီး ကြယ်ဖြူကြီးကို အလံတော်၏ လက်ဝဲဘက်၌ အစိမ်းရောင်၊ အဝါရောင်၊ အနီရောင်အားလုံးနှင့် ဆက်စပ်၍ အထက်ဘက်သို့ မတ်မတ်ညွှန်လျက် တည်စေရမည်။**

ဝါစိမ်းနီ သုံးရောင်ခြယ်အလံကို ဗြိတိသျှနယ်ချဲ့ လက်အောက်မှ လွတ်မြောက်ရေးလှုပ်ရှားမှု ခေတ်ဦးတွင် ထည်ဝါစွာဖြင့် အသုံးပြုခဲ့ကြပါတယ်။ လက်နက်ကိုင်တော်လှန်ရေးကာလ၌လည်း အနီရောင်အလံကို ကြယ်ဖြူတစ်ပွင့်ဖြင့် ရဲရင့်ခြင်း သင်္ကေတအဖြစ် သုံးစွဲခဲ့ကြပြီးဖြစ်ပါတယ်။ ယခုအခါ တစ်နိုင်ငံလုံး အေးချမ်းလျက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများဖြင့် ကမ္ဘာတည်သရွေ့ ခိုင်ခံ့စွာ ရပ်တည်နေမည့် နိုင်ငံတော်အလံသည် စိမ်းဝါနီအရောင်များဖြင့်သာ တင့်တယ်ခံ့ညားမည်ဟု ယုံကြည်ကြကြောင်း တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ကျွန်တော်တို့အစုအဖွဲ့အနေဖြင့် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့တဲ့ နိုင်ငံတော်အလံနှင့်စပ်လျဉ်း၍ အသေးစိတ် အခြေခံရမယ့် မူများအဖြစ် ချမှတ်သင့်တဲ့ စုစည်းချက်အပိုဒ် (၁)မှ(၂)အထိ အခြေခံမူများကို အထက်တွင် ထောက်ခံတင်ပြပြီး ဖြစ်ပါတယ်။ ထို့ပြင် သီးခြားအကြံပြုချက်အနေဖြင့် အချက်(၂)ချက်ကိုလည်း အောက်ပါအတိုင်း အကြံပြုဆွေးနွေးတင်ပြအပ်ပါတယ်။

**သီးခြားအကြံပြုချက်–**

**အကြံပြုချက်(၁) နိုင်ငံတော်အလံနှင့်စပ်လျဉ်းပြီး အသုံးပြုကြရာမှာ လိုက်နာရမယ့်အချက်တွေ၊ ရှောင်ကြဉ်ရမယ့် အချက်တွေကို ဖောက်ဖျက်ကျူးလွန်ရင် ချမှတ်မယ့်ပြစ်ဒဏ်ကို ဥပဒေပြုလွှတ်တော်များက သီးခြားဥပဒေပြဋ္ဌာန်းရမယ်လို့ လေ့လာသိရှိရပါတယ်။ ယင်းသို့ ဥပဒေပြဋ္ဌာန်းသည့်အခါ “နိုင်ငံတော်အလံ၏ ပုံသဏ္ဌာန်အတိုင်းအတာ အချိုးအစားများ”**ကိုလည်း ထည့်သွင်း ပြဋ္ဌာန်းပေးသင့်ကြောင်း ဖြည့်စွက်အကြံပြု တင်ပြအပ်ပါတယ်။

**ရှင်းလင်းချက်–** အလံတော်ဥပဒေပြဋ္ဌာန်းရာတွင် ပုံသဏ္ဌာန်၊ အတိုင်းအတာ၊ အချိုးအစားတို့နှင့်တကွ စိမ်း၊ ဝါ၊ နီအရောင်များ အစဉ်လိုက်ရှိမှု၊ ကြယ်ဖြူကြီး၏ တည်ရာရောင်ခြည်လက်တစ်ခု အထက်ဘက်သို့ မတ်မတ်ညွှန်လျက်ရှိမှုတို့အား အတိုင်းအတာတိကျစွာ သိရှိလိုက်နာနိုင်ရန် ဖြစ်ပါတယ်။

**အကြံပြုချက်(၂)** နိုင်ငံတော်အလံနှင့် စပ်လျဉ်းပြီး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းစုစည်းချက်အပိုဒ်(၁)တွင် နိုင်ငံတော်အလံနဲ့စပ်လျဉ်း၍–

> **“နိုင်ငံတော်အလံတွင် အစိမ်းရောင်၊ အဝါရောင်နှင့် အနီရောင်တို့ကို အလျားလိုက် အချိုးညီစွာဖော်ပြပြီး အစိမ်းရောင်တွင် လက်ဝဲဘက်၌ ကြယ်ဖြူကြီးကို အထက်သို့ မတ်မတ်ညွှန်လျက် တည်စေရမည်”** ဟုဆိုသည့် စကားရပ်အစား **“နိုင်ငံတော်အလံတွင် အစိမ်းရောင်၊ အဝါရောင်နှင့် အနီရောင်တို့ကို အလျားလိုက်အချိုးညီစွာ ဖော်ပြပြီး ကြယ်ဖြူကြီးကို အလံတော်၏ လက်ဝဲဘက်၌ အစိမ်းရောင်၊ အဝါရောင်၊ အနီရောင် အားလုံးနှင့် ဆက်စပ်၍ အထက်ဘက်သို့ မတ်မတ်ညွှန်လျက် တည်စေရမည်”**ဟု ပြင်ဆင်ရန် အကြံပြု တင်ပြအပ်ပါတယ်။

ထိုသို့ အကြံပြုတင်ပြရခြင်းမှာ–

- **(က) ပြည်ထောင်စုနိုင်ငံတော်အား ကိုယ်စားပြုသည့် ကြယ်ဖြူကြီးကို ထည်ဝါခံ့ညား ထင်ရှားပေါ်လွင်စေလိုခြင်း၊**
- **(ခ) တော်လှန်ရေးအဆက်ဆက် ရှေ့ဆောင်လမ်းပြဖြစ်ခဲ့သော ကြယ်ဖြူကြီး၏ အင်အားကို ပိုမိုပေါ်လွင်စေလိုခြင်း၊**
- **(ဂ) အဓိပ္ပာယ်အသီးသီး ဖော်ဆောင်သော အစိမ်းရောင်၊ အဝါရောင်၊ အနီရောင်တို့နှင့် အပြန်အလှန်အကျိုးပြုလျက်ရှိကြောင်း ပေါ်လွင်စေလိုခြင်း၊**
- **(ဃ) အလံတော်ကို မည်သည့်အခြေအနေတွင် လွှင့်ထူထားသည်ဖြစ်စေ ကြယ်ဖြူကြီးကို ထင်ထင်ရှားရှား မြင်တွေ့နိုင်စေလိုခြင်း စသည်တို့ကြောင့် ဖြစ်ပါတယ်။**

**သဘာပတိကြီးခင်ဗျား–**

ဆက်လက်ပြီး **နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်** နဲ့ စပ်လျဉ်းလို့ တင်ပြပါ့မယ်။

၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမှာ နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်နဲ့ စပ်လျဉ်းတဲ့ ပြဋ္ဌာန်းချက် မပါရှိသော်လည်း ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံ အခြေခံ ဥပဒေမှာ နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်ပုံစံကို ဖော်ပြပြီး နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်ဟာ ဖော်ပြပါပုံစံအတိုင်း ဖြစ်တယ်လို့ ပြဋ္ဌာန်းခဲ့တာကို တွေ့ရှိရပါတယ်။ နိုင်ငံတကာမှာ နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်နဲ့ စပ်လျဉ်းပြီး သတ်မှတ်ကြပုံကို လေ့လာတဲ့အခါမှာ အချို့နိုင်ငံများက ဖွဲ့စည်းပုံ အခြေခံဥပဒေမှာ အသေးစိတ်ထည့်သွင်း ပြဋ္ဌာန်းကြပါတယ်။ နိုင်ငံတချို့ကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ အသေးစိတ်ပြဋ္ဌာန်းခြင်း မပြုဘဲ ဥပဒေပြုလွှတ်တော်က ဥပဒေဖြင့် သတ်မှတ်ရမယ်လို့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပြဋ္ဌာန်းထားတာကို တွေ့ရပါတယ်။ ဥပဒေပြုလွှတ်တော်က နိုင်ငံတော် အထိမ်းအမှတ်တံဆိပ်နဲ့ဆိုင်တဲ့ ဥပဒေကို ပြဋ္ဌာန်းတဲ့အခါမှာ သက်ဆိုင်ရာနိုင်ငံရဲ့ သမိုင်းကြောင်း၊ နိုင်ငံရဲ့ယဉ်ကျေးမှု၊ နိုင်ငံနဲ့လူမျိုးရဲ့ ထုံးတမ်းစဉ်လာများကို ထင်ဟပ်တဲ့ အထိမ်းအမှတ်တံဆိပ် ဖြစ်စေရမယ် စသည်ဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ သတ်မှတ်ချက်များ ထည့်သွင်းပြဋ္ဌာန်းကြတာကို တွေ့ရပါတယ်။ နိုင်ငံတချို့ကတော့ ဥပဒေပြုလွှတ်တော်က နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်ကို ပြဋ္ဌာန်းပြီးတဲ့နောက် ပြည်သူ့ဆန္ဒခံယူပြီး အတည်ပြုကြောင်း လေ့လာတွေ့ရှိရပါတယ်။

အမျိုးသားညီလာခံက နိုင်ငံတော်နဲ့စပ်လျဉ်းတဲ့ အခြေခံရမယ့်မူများ ချမှတ်ရာမှာ **“ နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှ ဆင်းသက်ပြီး နိုင်ငံတော် တစ်ဝန်းလုံးမှာတည်သည်”** ဆိုတဲ့ အခြေခံရမယ့်မူနဲ့ **“နိုင်ငံတော်ကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဟု ခေါ်တွင်မည်”** ဆိုတဲ့ အခြေခံရမယ့်မူများ ပါရှိပါတယ်။ ဒါကြောင့် နိုင်ငံတော်အထိမ်းအမှတ် တံဆိပ်မှာ ပြည်ထောင်စုမြန်မာနိုင်ငံရဲ့ မြေပုံကို ထည့်သွင်းထားရှိသင့်ပါတယ်။ ထို့ပြင် နိုင်ငံတော်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဟု ခေါ်တွင်မည်လို့ အမျိုးသားညီလာခံက အခြေခံမူ ချမှတ်ထားတာနဲ့အညီ နိုင်ငံတော် အထိမ်းအမှတ်တံဆိပ်ရဲ့ အောက်ခြေပိုင်းမှာ **“ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်”**ဆိုတဲ့ စာသားကို ထည့်သွင်းသင့်ပါတယ်။

မိမိတို့နိုင်ငံရဲ့ လွတ်လပ်ရေးအတွက် ကိုလိုနီနယ်ချဲ့နဲ့ ဖက်ဆစ်တို့ကို ပြည်သူ့အားနဲ့ တော်လှန်ခဲ့စဉ်က အသုံးပြုခဲ့တဲ့ ကြယ်ဖြူတစ်ပွင့်ကိုလည်း တော်လှန်ရေးအမှတ်အသားအဖြစ် နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်မှာ ပါရှိသင့်ပါတယ်။ ပြည်ထောင်စုမြန်မာနိုင်ငံရဲ့ နိုင်ငံတော်တံဆိပ်များမှာ အစဉ်အလာအရ အသုံးပြုခဲ့တဲ့ မြန်မာမှုလက်ရာ ကေသရာဇာခြင်္သေ့ပုံနဲ့ မြန်မာ့ရိုးရာကနုတ်ပန်းတို့ကို နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်တွင် ခြယ်မှုန်းသင့်ပါတယ်။

ကျွန်တော်တို့ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့အနေဖြင့် နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်နှင့် စပ်လျဉ်းလို့ တင်ပြရမယ်ဆိုရင် ပြည်ထောင်စုမြန်မာနိုင်ငံ၏ မြေပုံနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဟူသော စာတမ်းကို ထည့်သွင်းထားရှိခြင်းဖြင့် နိုင်ငံတော်ရဲ့ မြေပုံကိုမြင်တိုင်း နိုင်ငံချစ်စိတ်၊ ပြည်ထောင်စုချစ်စိတ်များ ပိုမိုခိုင်မြဲနိုင်စေမှာ ဖြစ်ပါတယ်။

ဖက်ဆစ်တို့ကို ပြည်သူများက တော်လှန်ခဲ့စဉ်က အသုံးပြုခဲ့သော ကြယ်ဖြူပွင့်ကိုလည်း နိုင်ငံတော်အထိမ်းအမှတ် တံဆိပ်မှာ ဖော်ပြပါရှိခြင်းဖြင့် နိုင်ငံရဲ့ လွတ်လပ်ရေးအတွက် ကိုလိုနီနယ်ချဲ့နဲ့ ဖက်ဆစ်တို့ကို ပြည်သူ့အားနဲ့ တော်လှန်ခဲ့စဉ်က အသုံးပြုခဲ့တဲ့ ကြယ်ဖြူတစ်ပွင့်ကို တော်လှန်ရေး အမှတ်အသားအဖြစ် အမှတ်ရစေမှာ ဖြစ်ပါတယ်။ နိုင်ငံတော်အလံမှာ ကြယ်ဖြူတစ်ပွင့်ပါရှိတာကြောင့် နိုင်ငံတော်တံဆိပ်မှာ ကြယ်ဖြူတစ်ပွင့် ပါရှိခြင်းဟာ လိုက်ဖက်ညီပါတယ်။

ထို့အပြင် မြန်မာမှုလက်ရာ ကေသရာဇာခြင်္သေ့ပုံနှင့် မြန်မာ့ရိုးရာကနုတ်ပန်းတို့ဖြင့် ခြယ်မှုန်းထားရှိခြင်းဖြင့် မြန်မာလူမျိုးတို့၏ ရဲရင့်ခြင်း၊ မြန်မာ့အနုပညာလက်ရာ အဆင့်အတန်းကို ဖော်ညွှန်းခြင်း၊ မျက်စိအမြင် ပသာဒအလှအပရှိခြင်း စသည်တို့ကို ထင်ဟပ်စေမှာ ဖြစ်ပါတယ်။

ဒါကြောင့် အထိမ်းအမှတ်တံဆိပ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ရဲ့ မြေပုံထည့်သွင်းထားရှိခြင်း၊ ကြယ်ဖြူကြီးတစ်ပွင့်ပါရှိခြင်း၊ မြန်မာ့ရိုးရာ ကနုတ်ပန်းနှင့် ကေသရာဇာခြင်္သေ့ပုံတို့ ပါရှိခြင်းတို့ဟာ နိုင်ငံတော်အလံနှင့် လိုက်ဖက်ညီပြီး ဂုဏ်ရှိခြင်း၊ ထည်ဝါခံ့ညားခြင်း၊ သမိုင်းအစဉ်အလာရှိခြင်းတို့ကို ဖော်ညွှန်းနိုင်ပါ၍ အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ကြောင်း ထောက်ခံ တင်ပြအပ်ပါတယ်။

**စာမျက်နှာ ၇ ကော်လံ ၁ သို့**

# ဖွဲ့စည်းပုံ အခြေခံဥပဒေအရ တည်ထောင်သည့် တရားရုံးများ မပေါ်ပေါက်မီ မပြီးပြတ်သေးသော မှုခင်းများအား ယခင်ဥပဒေများနှင့်အညီ ဆက်လက်စစ်ဆေးနိုင်

စာမျက်နှာ ၆ မှ

**သဘာပတိကြီးခင်ဗျား–**

ကျွန်တော်တို့အစုအဖွဲ့အနေဖြင့် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့တဲ့ နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်နှင့် စပ်လျဉ်း၍ အသေးစိတ်အခြေခံရမယ့်မူများအဖြစ် အထက်တွင် ထောက်ခံတင်ပြပြီး ဖြစ်ပါတယ်။ ထို့ပြင် သီးခြားအကြံပြုချက်အနေဖြင့် အချက်(၁)ချက်ကိုလည်း အောက်ပါအတိုင်း အကြံပြုဆွေးနွေး တင်ပြအပ်ပါတယ်။

**သီးခြားအကြံပြုချက်**

**"နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်၏ အလယ်ဗဟိုချက်တွင် ပါရှိသော မြန်မာနိုင်ငံမြေပုံ၏ ဝဲယာနှစ်ဖက်တွင် အောက်ခြေမှ အစပြု၍ အထက်ဘက်သို့ ဝန်းရံထားသော အောင်သပြေခက်နှစ်ခက်အား"** ဖြည့်စွက် သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

ထိုသို့အကြံပြုတင်ပြရခြင်းမှာ မြန်မာနိုင်ငံမြေပုံ၏ ဝဲယာနှစ်ဖက်တွင် လစ်ဟာနေသော ကွက်လပ်ကို အားဖြည့်ပေးခြင်း၊ မင်္ဂလာရှိခြင်း၊ ငြိမ်းချမ်းခြင်း၊ အောင်မြင်ခြင်းသဘောကို ဖော်ညွှန်းလိုခြင်းတို့ကြောင့် ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ဆက်လက်ပြီး နိုင်ငံတော်သီချင်းသတ်မှတ်ရေးအတွက် ချမှတ်သင့်တဲ့ အသေးစိတ်အခြေခံရမယ့်မူနဲ့ စပ်လျဉ်းလို့ တင်ပြပါ့မယ်။

၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမှာ နိုင်ငံတော်သီချင်းနဲ့ စပ်လျဉ်းပြီး ပြဋ္ဌာန်းချက်မတွေ့ရှိရပေမယ့် ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေမှာတော့ နိုင်ငံတော်သီချင်းကို ပြည်သူ့လွှတ်တော်က သတ်မှတ်ပြဋ္ဌာန်းပေးရမယ်၊ နိုင်ငံတော်သီချင်းအသစ်ကို ပြည်သူ့လွှတ်တော်က သတ်မှတ်ပြဋ္ဌာန်းခြင်းမပြုနိုင်မီ လက်ရှိနိုင်ငံတော်သီချင်းကို ဆက်လက်အသုံးပြုရမယ်လို့ ပြဋ္ဌာန်းခဲ့တာကို တွေ့ရပါတယ်။ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲစဉ်က နိုင်ငံတော်သီချင်းအသစ် သတ်မှတ်ဖို့ သီချင်းပုဒ်ရေ (၁၅၀)အထိ ဂီတပညာရှင်များရဲ့ အကူအညီနဲ့ စိစစ်ခဲ့ပေမယ့် ပြည်သူအများစုရဲ့ ဆန္ဒက လက်ရှိနိုင်ငံတော်သီချင်းကိုသာ နှစ်ခြိုက်လက်ခံကြတာကို လေ့လာတွေ့ရှိရကြောင်း၊ သီချင်းအသစ်များကို လက်ခံလိုခြင်းမရှိတာကို တွေ့ရကြောင်း၊ အဲဒီလိုတွေ့ရှိရတဲ့အတွက် နောင်ပေါ်ပေါက်လာမယ့် ပြည်သူ့လွှတ်တော်က နိုင်ငံတော်သီချင်းကို သတ်မှတ်ပြဋ္ဌာန်းဖို့နဲ့ ပြည်သူ့လွှတ်တော်က ပြဋ္ဌာန်းခြင်း မပြုနိုင်မီ လက်ရှိနိုင်ငံတော်သီချင်းကို ဆက်လက်အသုံးပြုဖို့ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပြဋ္ဌာန်းခဲ့ရကြောင်း လေ့လာတွေ့ရှိရပါတယ်။

မိမိတို့နိုင်ငံရဲ့ လက်ရှိနိုင်ငံတော်သီချင်းကို အသုံးပြုခဲ့တာ ရာစုနှစ် တစ်ဝက်ကျော်ပြီ ဖြစ်ပါတယ်။ အမျိုးသားညီလာခံက နိုင်ငံတော်ရဲ့ ဦးတည်ချက်နဲ့ စပ်လျဉ်းပြီး ချမှတ်ခဲ့တဲ့ အခြေခံရမယ့်မူများမှာ နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလ တရားများ ပိုမိုထွန်းကားရေး ဆိုတဲ့ အခြေခံရမယ့်မူတစ်ရပ် ပါရှိပါတယ်။ လက်ရှိ နိုင်ငံတော်သီချင်းမှာလဲ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနဲ့ ခွင့်တူညီမျှခြင်းဆိုတဲ့ ဖြူစင်သောဝါဒကို ဖော်ပြပါရှိပါတယ်။

နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံနဲ့ စပ်လျဉ်းပြီး အမျိုးသားညီလာခံက ချမှတ်ခဲ့တဲ့ အခြေခံရမယ့်မူများမှာ ဖော်ပြထားတဲ့ နိုင်ငံတော်၏ ဦးတည်ချက်များတွင် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ ပါရှိပါတယ်။ ဒါ့အပြင် **"နိုင်ငံတော်ကို ပြည်ထောင်စုစနစ်ဖြင့် ဖွဲ့စည်းတည်ဆောက်သည်"** ဆိုတဲ့ အခြေခံရမယ့်မူနဲ့ **"နိုင်ငံတော်တွင်ပါဝင်မည့် တိုင်းဒေသကြီးများ၊ ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများစသည့် နိုင်ငံတော်၏ နယ်မြေအပိုင်းအခြား ဟူသမျှသည် နိုင်ငံတော်မှ မည်သည့်အခါမှ ခွဲမထွက်ရ"** ဆိုတဲ့ အခြေခံရမယ့်မူများ ပါဝင်ပါတယ်။ လက်ရှိ နိုင်ငံတော်သီချင်းမှာ မိမိတို့ရဲ့ ဘိုးဘွား အမွေအနှစ်ဖြစ်တဲ့ ပြည်ထောင်စုကြီး အမြဲတည်တံ့စေဖို့ ထိန်းသိမ်းရေး၊ ပြည်ထောင်စုကို အသက်ပေး ကာကွယ်ရေး၊ ပြည်ထောင်စုအကျိုးကို ညီညွတ်စွာ ထမ်းဆောင်ရေးတို့သည် မိမိတို့၏ တာဝန်ဖြစ်ကြောင်း ဖော်ညွှန်းချက်များ ပါရှိပါတယ်။

တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့အနေဖြင့် နိုင်ငံတော်သီချင်းနှင့်စပ်လျဉ်းပြီး တင်ပြရလျှင်–

**(က)** **ယနေ့မြန်မာနိုင်ငံတွင် အသုံးပြုလျက်ရှိသော လက်ရှိနိုင်ငံတော်သီချင်း၌ တရာမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ခွင့်တူညီမျှခြင်းဆိုတဲ့ ဖြူစင်သောဝါဒကိုဖော်ပြပါရှိခြင်း၊ မိမိတို့ရဲ့ ဘိုးဘွားအမွေအနှစ်ဖြစ်သော ပြည်ထောင်စုကြီးကို တည်တံ့စေဖို့၊ အသက်ပေးကာကွယ်ဖို့၊ ပြည်ထောင်စုအကျိုးကို ညီညွတ်စွာ ထမ်းဆောင်စေဖို့၊ စသည်တို့မှာ မိမိတို့တာဝန်ဖြစ်ကြောင်း ဖော်ညွှန်းသော အချက်အလက်များပါရှိခြင်း၊ နိုင်ငံတော်၏ ဦးတည်ချက်ဖြစ်သော ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့နှင့် ကိုက်ညီနေခြင်းတို့ ပါရှိပါတယ်။**

**(ခ)** **လက်ရှိနိုင်ငံတော်သီချင်းတွင် ကမ္ဘာတည်သရွေ့ မြန်မာတည်ရမည်။ နိုင်ငံသားတို့၏ ပိုင်သောမြေဖြစ်သည်။ နိုင်ငံသားတို့က နိုင်ငံတော်၏ အကျိုးကို ထမ်းဆောင်ရမည်ဟု ပြည့်စုံသော အဓိပ္ပာယ်ပါရှိပါတယ်။**

**(ဂ)** **လက်ရှိနိုင်ငံတော်သီချင်းသည် တိုင်းရင်းသားအားလုံးအပါအဝင် မြန်မာနိုင်ငံသူ နိုင်ငံသားများ မြတ်နိုးစွာဖြင့် နှစ်ပေါင်းရှည်ကြာစွာ သီဆိုခဲ့တဲ့အပြင် သီချင်းပါ စာသားများမှာလည်း အမျိုးသားညီလာခံက ချမှတ်ထားတဲ့ အခြေခံရမယ့်မူများနဲ့ ညီညွတ်ပါသဖြင့် အသစ်ဖန်တီးသော်လည်း ပိုမိုကောင်းမွန်အောင် စွမ်းဆောင်နိုင်မည် မဟုတ်ဟုသာ စွဲမြဲစွာ ယုံကြည်မိပါတယ်။**

ဒါကြောင့် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားချက်၌ ပါရှိတဲ့အတိုင်း **နိုင်ငံတော်သီချင်းအဖြစ် လက်ရှိနိုင်ငံတော်သီချင်းကို သတ်မှတ်သည်** ဟူသော အချက်ကိုအသေးစိတ် အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း ထောက်ခံတင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ဆက်လက်ပြီး နိုင်ငံတော်၏ မြို့တော်သတ်မှတ်ရေးနှင့် စပ်လျဉ်းလို့ တင်ပြပါ့မယ်။

နိုင်ငံတော်ရဲ့မြို့တော် သတ်မှတ်ရေးနဲ့စပ်လျဉ်းပြီး ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမှာ ပြဋ္ဌာန်းချက် မပါရှိသော်လည်း ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေမှာတော့ နိုင်ငံတော်၏ မြို့တော်သည် ရန်ကုန်မြို့တော် ဖြစ်သည်လို့ သတ်မှတ်ပြဋ္ဌာန်းခဲ့တာကို တွေ့ရှိရပါတယ်။

"နိုင်ငံအတော်များများရဲ့ မြို့တော်များဟာ နိုင်ငံရဲ့အလယ်ဗဟိုမှာ တည်ရှိကြတာတွေ့ရပါတယ်။ နိုင်ငံတိုင်းမှာ ဗဟိုအစိုးရရဲ့ ရုံးစိုက်ရာမြို့ကို နိုင်ငံတော်ရဲ့မြို့တော်အဖြစ် သတ်မှတ်လေ့ရှိကြတာ လေ့လာတွေ့ရှိရပါတယ်။ နိုင်ငံတော်ရဲ့မြို့တော်အဖြစ် သွားရေးလာရေး အဆင်ပြေပြီး နိုင်ငံတော်ရဲ့ အချက်အချာကျမယ့် နေရာဒေသကို ရွေးချယ်သတ်မှတ်လေ့ရှိပါတယ်။

မိမိတို့နိုင်ငံမှာ တိုင်းရင်းသား စည်းလုံးညီညွတ်မှု ပိုမိုရရှိရေးအတွက်လည်းကောင်း၊ ပြည်နယ်၊ တိုင်း အသီးသီးတို့နှင့် ဆက်သွယ်ရာတွင် ပိုမိုလွယ်ကူလျင်မြန်စေရန် လည်းကောင်း နိုင်ငံတော်၏ အလယ်တွင်ရှိသောဒေသကို ရွေးချယ်ပြီး နိုင်ငံတော်၏မြို့တော်ဖြစ်တဲ့ နေပြည်တော်ကို တည်ဆောက်ပြီး ဖြစ်ပါတယ်။ ယခုအခါ နိုင်ငံတော်အစိုးရ၏ ဗဟိုရုံးများမှာ နေပြည်တော်တွင် ရုံးစိုက်လျက် နိုင်ငံတော်၏ လုပ်ငန်းတာဝန်အဝဝကို ဆောင်ရွက်လျက်ရှိ

> **နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီလက်ထက် မူဝါဒများ၊ လမ်းညွှန်ချက်များ၊ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းကမ်းဥပဒေများ၊ အမိန့် ကြော်ငြာစာများကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အနေဖြင့် ဆက်ခံနိုင်။**

ကြတဲ့အတွက် နိုင်ငံတော်အစိုးရ ဗဟိုရုံးများ ရုံးစိုက်ထားရာ နေပြည်တော်ကို နိုင်ငံတော်၏ မြို့တော်အဖြစ် သတ်မှတ်သင့်ပါတယ်"လို့ လုပ်ငန်းကော်မတီဥက္ကဋ္ဌက ရှင်းလင်းပြောကြားခဲ့ပါတယ်။

ကျွန်တော်တို့ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့ အနေဖြင့်လည်း ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဗဟိုရုံးစိုက်ရာ နေပြည်တော်ကို နိုင်ငံတော်၏ အလယ်တွင်ရှိသော ဒေသအဖြစ်ရွေးချယ်ပြီး တည်ဆောက်ထားခြင်းမှာ ပြည်နယ်၊ တိုင်းအသီးသီးတို့နှင့် ဆက်သွယ်၍ လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် ပိုမိုလျင်မြန်လွယ်ကူစေခြင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပိုမိုစုစည်းမှုရရှိစေခြင်းတို့ကြောင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အတူ တည်ဆောက်ပြီးစီးသည့် နေပြည်တော်သည်သာ ခေတ်သစ်နှင့်အညီ နိုင်ငံတော်၏ မြို့တော် ဖြစ်သင့်သည်ဟု ယုံကြည်ကြပါတယ်။ ဒါကြောင့် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့တဲ့ မြို့တော်အခန်းနှင့် စပ်လျဉ်း၍ **"နေပြည်တော်သည် နိုင်ငံတော်၏ မြို့တော်ဖြစ်သည်"** ဟူသောအချက်ကို အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်သင့်ပါကြောင်း ထောက်ခံတင်ပြ အပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ကျွန်တော်တို့ အစုအဖွဲ့အနေဖြင့် လုပ်ငန်းကော်မတီဥက္ကဋ္ဌရှင်းလင်းပြောကြားခဲ့တဲ့ **"နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့်မြို့တော်အခန်း"** အတွက် အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့်တဲ့စုစည်းချက်အပိုဒ်များကို ထောက်ခံတင်ပြပြီး သီးခြားအကြံပြုချက်အနေနဲ့ အချက် (၃) ချက်ကိုလည်း အထက်တွင် ဆွေးနွေး အကြံပြုထားပြီးဖြစ်ကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ အခန်းတစ်ခန်းအဖြစ် ပါဝင်မယ့် **"ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်း"** အတွက် ချမှတ်သင့်တဲ့ အသေးစိတ်အခြေခံရမယ့်မူများနဲ့ စပ်လျဉ်းပြီး အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်များကို လေ့လာမှတ်သားရပါတယ်။

ဖွဲ့စည်းပုံအခြေခံ ဥပဒေတစ်ရပ် ပြဋ္ဌာန်းတဲ့အခါ အဲဒီလို မပြဋ္ဌာန်းမီကာလက တည်ရှိခဲ့တဲ့ တိုင်းပြည်ရဲ့ အခြေအနေနဲ့ ပြဋ္ဌာန်းပြီးနောက် တည်ရှိလာတဲ့ အခြေအနေတွေဟာ တစ်ခုနဲ့တစ်ခု မတူညီကြတော့ဘဲ အသွင်တစ်မျိုးမှ အခြားအသွင်တစ်မျိုးကို ကူးပြောင်းကြရတာဖြစ်ပါတယ်။ ဒီလိုကူးပြောင်းတဲ့ အခါမှာ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊တရားစီရင်ရေးစတဲ့ အဓိကမဏ္ဍိုင်များနဲ့ စီးပွားရေး၊ လူမှုရေး၊ အဆောက်အအုံတို့လည်း ပြောင်းလဲသွားမှာ ဖြစ်ပါတယ်။

ဒါကြောင့် အကူးအပြောင်းကာလမှာ နိုင်ငံတော်ရဲ့အချုပ်အခြာအာဏာများဟာ စဉ်ဆက်မပြတ် တည်ရှိနေဖို့နဲ့ ထပ်မံဆောင်ရွက်ရမယ့် ပဋိညာဉ်၊ တာဝန်၊ ဝတ္တရားတွေဟာလည်း စဉ်ဆက်မပြတ် တည်ရှိနေစေဖို့ ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များအဖြစ် ဖွဲ့စည်းပုံ အခြေခံဥပဒေမှာ ထည့်သွင်းပြဋ္ဌာန်းရန် လိုမှာ ဖြစ်ပါတယ်။

**ဖတ်ကြား တင်ပြ**

**မွန်ပြည်နယ်မှ ကိုယ်စားလှယ် ဒေါ်ဝါဝါမွန် တိုင်းရင်းသား လူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့၏ အကြံပြုချက်စာတမ်းကို ဖတ်ကြားတင်ပြစဉ်။** (သတင်းစဉ်)



ကမ္ဘာ့နိုင်ငံအသီးသီးရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေများကို လေ့လာကြည့်တဲ့အခါမှာ အဲဒီနိုင်ငံအသီးသီးရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတွေမှာ ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များ ထည့်သွင်းပြဋ္ဌာန်းထားတာ တွေ့ရသလို မြန်မာနိုင်ငံရဲ့ ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမှာလဲ အဲဒီဥပဒေရဲ့ အခန်း ၁၄မှာ ပုဒ်မ ၂၂၃ မှ ၂၃၄ ထိ "ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များ Transitory Provisions"ကို ပြဋ္ဌာန်းထားတာတွေ့ရပါတယ်။

၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေမှာတော့ ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များနဲ့ စပ်လျဉ်းပြီး သီးခြားခေါင်းစဉ်နဲ့ ပြဋ္ဌာန်းထားတာ မရှိပေမယ့် အခန်း(၁၆) အထွေထွေပြဋ္ဌာန်းချက်များအခန်းမှာ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များကို ထည့်သွင်းပြဋ္ဌာန်းထားတာ တွေ့ရပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ရေးဆွဲပြီးနောက် အဲဒီဥပဒေမှာ အာဏာတည်ရမယ့် နေ့ရက်ကို ဖော်ပြထားရှိမှသာ ဖော်ပြပါနေ့ရက်တွင် အာဏာတည်မှာ ဖြစ်ပါတယ်။

ယခုအခါ နိုင်ငံတော်တည်ဆောက်ရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို ချမှတ်ပြီး အကောင်ထည်ဖော်လျက် ရှိပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်ပြီးနောက် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေါ်ပေါက်လာမယ့် ပြည်ထောင်စုလွှတ်တော်သို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက နိုင်ငံတော်အာဏာကို လွှဲပြောင်းပေးရမှာ ဖြစ်ပါတယ်။ ဒါပေမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းမယ့် လွှတ်တော်များဟာ ချက်ချင်းပေါ်ပေါက်လာနိုင်မှာမဟုတ်ဘဲ လွှတ်တော်ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်ပြီးမှသာ ပေါ်ပေါက်လာမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုပြီးသည့်အချိန်နှင့် လွှတ်တော်များပေါ်ပေါက် သည့်အချိန်ကြားကာလမှာ နိုင်ငံတော်ရဲ့ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဆိုတဲ့ အချုပ်အခြာအာဏာတို့ကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆက်ခံကျင့်သုံးပြီး လွှဲပြောင်းပေးမှသာလျှင် စဉ်ဆက်မပြတ် နိုင်ငံတော်ရဲ့ အာဏာကြီးသုံးရပ်ဟာ လည်ပတ်နိုင်မှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံ၏ သမိုင်းပေးအခြေအနေအရ ၁၉၈၈ခုနှစ် စက်တင်ဘာလ (၁၈)ရက်မှစ၍ နိုင်ငံတော်တာဝန်ကို တပ်မတော်က မလွှဲမရှောင်သာ တာဝန်ယူတည်ဆောက်ပေးလျက် ရှိပါတယ်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥက္ကဋ္ဌအဖြစ် တာဝန်ယူဖွဲ့စည်းဆောင်ရွက်နေတဲ့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည်သာလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေအာဏာ တည်သည့်နေ့မှစပြီး ပြည်ထောင်စုလွှတ်တော် ပထမအကြိမ် အစည်းအဝေး မကျင်းပမီကာလအတွင်း နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ဆက်လက်ခံယူ ကျင့်သုံးသင့်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ဖွဲ့စည်းပုံအခြေခံဥပဒေအရ လွှတ်တော်များ ပေါ်ပေါက်လာမှာ ဖြစ်ပါတယ်။ အဲဒီပေါ်ပေါက်လာမယ့် ပြည်ထောင်စုလွှတ်တော်သို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက နိုင်ငံတော်အာဏာကို စနစ်တကျလွှဲပြောင်းပေးမှာ ဖြစ်ပါတယ်။ အဲဒီလို အာဏာလွှဲပြောင်းပေးဖို့ ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုပြီးနောက် လွှတ်တော်များသည် ချက်ချင်းပေါ်ပေါက်လာနိုင်မှာမဟုတ်ဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လွှတ်တော်ကိုယ်စားလှယ်များအား ရွေးကောက်တင်မြှောက်ရမှာ ဖြစ်ပါတယ်။ ရွေးကောက် တင်မြှောက်နိုင်ရန် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လိုအပ်သော ကိစ္စများကို ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။

ပြည်ထောင်စုလွှတ်တော် မပေါ်ပေါက်မီ ပြည်ထောင်စုလွှတ်တော်ကိုယ်စား လိုအပ်သော ဥပဒေပြုလုပ်ငန်းများကို လုပ်ဆောင်ဖို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအား ဆောင်ရွက်ပိုင်ခွင့် ပေးထားရန် လိုအပ်ပါတယ်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အဲဒီလိုကြိုတင်ဆောင်ရွက်တဲ့ လုပ်ငန်းရပ်တွေဟာ ဥပဒေဘောင်အတွင်း ကျရောက်စေရန် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဆောင်ရွက်တယ်လို့ မှတ်ယူရမည် ဖြစ်ကြောင်း ပြဋ္ဌာန်းပေးရန် လိုအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဟာ နိုင်ငံတော်၏ ဦးတည်ချက်များ ထမြောက်အောင်မြင်စေရန် အခြေခံအုတ်မြစ်များကို ချမှတ်ခြင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ရေးအတွက် အရှိန်အဟုန်ဖြင့် ဘက်စုံစီမံဆောင်ရွက်ရာမှာ မူဝါဒလမ်းညွှန်မှုများ၊ ဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းဥပဒေ၊ အမိန့်၊ ကြေညာချက်များ ထုတ်ပြန်ခြင်း စသည့်ဆောင်ရွက်ချက်များကို ပြုလုပ်ခဲ့ပါတယ်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဆောင်ရွက်ချက်များ၊ တာဝန်များနှင့် ရပိုင်ခွင့်များကို ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေါ်ပေါက်လာသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်က ဆက်ခံကြောင်း မူတစ်ရပ်ချမှတ်သင့်ပါတယ်။ နောင်ပေါ်ပေါက်လာမယ့် ပြည်ထောင်စုလွှတ်တော်သည်လည်းကောင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ အစိုးရသည်လည်းကောင်း ဖွဲ့စည်းပုံအခြေခံဥပဒေက ပေးအပ်သည့် အာဏာ၊ တာဝန်နှင့် ရပိုင်ခွင့်စသည်တို့ကို ကျင့်သုံးပိုင်ခွင့်ရှိသည့်အတွက် လိုအပ်သည်များကို ဆက်လက်စီမံဆောင်ရွက်ကြမှာ ဖြစ်ပါတယ်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့**



■ *ကျောဖုံးမှ*

ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဗိုလ်ချုပ်မြင့်လှိုင်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်ဌေးဦး၊ဦးအောင်သောင်း၊ ဗိုလ်ချုပ်စောထွန်း၊ ဗိုလ်ချုပ်သိန်းဆွေ၊ ဗိုလ်မှူးချုပ်သိန်းဇော်၊ ဗိုလ်မှူးချုပ်လွန်းသိ၊ ဦးသောင်း၊ ဗိုလ်ချုပ်ခင်မောင်မြင့်၊ ဒေါက်တာချမ်းငြိမ်း၊ ဒေါက်တာကျော်မြင့်နှင့် ဗိုလ်မှူးချုပ်သိန်းအောင်၊ စစ်ရာထူးခန့်ချုပ် ဗိုလ်ချုပ်ဆန်းဆင့်၊ စစ်ဥပဒေချုပ် ဗိုလ်ချုပ်စိုးမောင်၊ တပ်မတော်စစ်ဆေးရေးအရာရှိချုပ် ဗိုလ်ချုပ်သိန်းထိုက်၊ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်မှူးချုပ်ဇော်ဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးများဖြစ်ကြသည့် ဗိုလ်ချုပ်မြဝင်း၊ ဗိုလ်ချုပ်တင်စိုး၊ ဗိုလ်ချုပ်သိန်းထွန်း၊ ဗိုလ်ချုပ်အောင်သိန်း၊ ဗိုလ်ချုပ်ခင်မောင်တင့်၊ ဗိုလ်ချုပ်သန်းအောင်၊ ဗိုလ်ချုပ်ငွေသိန်း၊ ဗိုလ်ချုပ်တင်ထွန်း၊ ဗိုလ်ချုပ်သန်းဌေး၊ ဗိုလ်ချုပ်စိန်လင်း၊ ဗိုလ်ချုပ်အေးမြင့်နှင့် တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဒုတိယဝန်ကြီးများ၊ တပ်မတော်ဆေးတက္ကသိုလ်ပါမောက္ခချုပ် ဗိုလ်မှူးချုပ်ရာပြည့်နှင့် တပ်နယ်မှ တပ်မတော်အရာရှိများ၊ ဖိတ်ကြားထားသော သင်တန်းဆင်း ဗိုလ်လောင်းများ၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

## အလေးပြုခြင်းခံယူ

အခမ်းအနားတွင် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဗိုလ်လောင်းတပ်ခွဲများ၏ အလေးပြုခြင်းကိုခံယူသည်။

ထို့နောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က ဗိုလ်လောင်းတပ်ခွဲများကို စစ်ဆေးသည်။

## ချီတက်အလေးပြု

ယင်းနောက် ကျောင်းဆင်းဗိုလ်လောင်းတပ်ခွဲများက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား အနှေးလျှောက်၊ အမြန်လျှောက်တို့ဖြင့် ချီတက်အလေးပြုကြသည်။

## ဆုချီးမြှင့်

ထို့နောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၈)မှ အောင်စစ်သည်ဆုရရှိသူ ဗိုလ်လောင်းအမှတ်(၈၉၉)ဗိုလ်လောင်းခန့်ဇော်အောင်၊ လေ့ကျင့်ရေး ထူးချွန်ဆုရရှိသူ ဗိုလ်လောင်းအမှတ်(၁၁၄၁) ဗိုလ်လောင်းမင်းအောင်ဟိန်း၊ စာပေထူးချွန်ဆုရရှိသူ ဗိုလ်လောင်းအမှတ်(၉၅၂) ဗိုလ်လောင်းစိုင်းသီဟထွန်းတို့အား ဆုများကို အသီးသီး ချီးမြှင့်သည်။



**ဗိုလ်လောင်းတပ်ခွဲများ ချီတက်အလေးပြု**

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေအား တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်း သင်တန်း အမှတ်စဉ်(၈) ကျောင်းဆင်း ဗိုလ်လောင်း တပ်ခွဲများ ချီတက်အလေးပြုကြစဉ်။** (သတင်းစဉ်)





**စစ်ရေးပြအခမ်းအနား တက်ရောက်ကြသူများ**

**တပ်မတော် ဆေးတက္ကသိုလ် ဗိုလ်လောင်း သင်တန်း အမှတ်စဉ်(၈) သင်တန်းဆင်း ဂုဏ်ပြု စစ်ရေးပြ အခမ်းအနားသို့ တက်ရောက် လာ ကြ သူ များ အား တွေ့ရစဉ်။** (သတင်းစဉ်)



**စစ်ရေးပြအခမ်းအနား တက်ရောက်ကြသူများ**

**တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၈) သင်တန်းဆင်း ဂုဏ်ပြု စစ်ရေးပြ အခမ်းအနားသို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။** (သတင်းစဉ်)



# မဟာဝမ္မရုံသီအိမ်တော်ရာစေတီတော် ဗုဒ္ဓပူဇနိယပွဲတော် ဆွမ်းဆန်စိမ်းလောင်းလှူမည်

**ရန်ကုန် ဒီဇင်ဘာ ၂၈**

ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ သမိုင်းဝင် မဟာဝမ္မရုံသီ အိမ်တော်ရာ စေတီတော်မြတ်ကြီး၏ (၁၅၈)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဇန်နဝါရီ၂ ရက် ညနေ ၄ နာရီတွင် ကျင်းပမည် ဖြစ်သည်။

**ဆက်သွယ်လှူဒါန်းနိုင်**

အခမ်းအနားသို့ ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် ပင့်သံဃာတော် ၄၇ ပါး ကြွရောက်တော်မူမည်ဖြစ်ရာ ကုသိုလ်ရှင်များအနေဖြင့် ဂေါပက အဖွဲ့ရုံး ဖုန်း-၃၈၃၇၉၄ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

ယင်းနောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဗိုလ်လောင်းတပ်ခွဲများအား မိန့်ခွန်း ပြောကြားသည်။

**(ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ မိန့်ခွန်းအပြည့်အစုံကို သီးခြား ဖော်ပြထားပါသည်။)**

ထို့နောက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် စစ်ရေးပြအခမ်းအနားမှ ပြန်လည် ထွက်ခွာသွားသည်။

## အားပေးစကားပြောကြား

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ တပ်မတော်ဆေးတက္ကသိုလ် ပင်မစာသင်ဆောင်ရှိ ဧည့်ခန်းမဆောင်၌ ထူးချွန်ဆုရရှိကြသည့် ဗိုလ်လောင်း သုံးဦးနှင့် မိဘများအား အားပေးစကား ပြောကြားစဉ်။**

(သတင်းစဉ်)



စာမျက်နှာ ၇ မှ

**သဘာပတိကြီးခင်ဗျား-**

ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုပြဋ္ဌာန်းခြင်းမပြုမီ နိုင်ငံတစ်နိုင်ငံမှာ အစဉ်အဆက်က လက်ခံကျင့်သုံးလာခဲ့တဲ့ တည်ဆဲဥပဒေများကို ဆက်လက် အတည်ပြုခဲ့ကြပါတယ်။ အဲဒီဥပဒေများဟာ ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြု ပြီးနောက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်ခြင်းမရှိပါက နိုင်ငံအနေနဲ့ ဆက်လက်ကျင့်သုံးသွားရမှာ ဖြစ်သလို အဲဒီလို ဆက်လက်ကျင့်သုံးတဲ့ ဥပဒေဟာ ဖွဲ့စည်းပုံ အခြေခံဥပဒေနဲ့ လိုက်လျောညီထွေခြင်း မရှိပါက ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်းပြုသွားရမှာ ဖြစ်တဲ့အတွက် အခါအားလျော်စွာ ပြည်ထောင်စု လွှတ်တော်က ပြုလုပ်သွားရမှာ ဖြစ်ပါတယ်။ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း မပြုမီကာလမှာတော့ မူလအတိုင်း အတည်ဖြစ်နေစေသင့်ပါတယ်။

**သဘာပတိကြီးခင်ဗျား-**

ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုပြဋ္ဌာန်းခြင်းမပြုမီ နိုင်ငံတော်တွင် အစဉ်အဆက်က လက်ခံကျင့်သုံးလာသော နည်းဥပဒေများ၊ စည်းမျဉ်းဥပဒေများ၊ စည်းကမ်းဥပဒေများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများလည်း ရှိခဲ့ပါတယ်။ အဲဒီ နည်းဥပဒေများ၊ စည်းမျဉ်း ဥပဒေများ၊ စည်းကမ်းဥပဒေများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြား ချက်များနှင့်လုပ်ထုံးလုပ်နည်းများဟာ ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြု ပြဋ္ဌာန်းပြီးနောက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်ခြင်းမရှိလျှင် ဆက်လက် အတည်ဖြစ်မှာဖြစ်သလို ဆန့်ကျင်ပါက ပယ်ဖျက်ပြင်ဆင်ရန်လိုမှာ ဖြစ်ပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုပြဋ္ဌာန်းပြီးသော်လည်း ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ တရားစီရင်ရေးဆိုင်ရာဖွဲ့စည်းမှု (သို့မဟုတ်) တရားရုံး အဆင့်ဆင့် တည်ထောင်ခြင်း၊ တရားရုံးအဆင့်ဆင့်၏ စီရင်ပိုင်ခွင့်၊ လုပ်ပိုင်ခွင့်များ အပ်နှင်းခြင်းကိစ္စများကို အပြီးသတ်မဆောင်ရွက်နိုင်သေးမီ ကူးပြောင်းရေး ကာလအတွင်းမှာ တရားရုံးအဆင့်ဆင့်က စစ်ဆေးကြားနာဆဲ အမှုများရှိနေကြမှာ ဖြစ်ပါတယ်။ အဲဒီစစ်ဆေးကြားနာဆဲ တရားစီရင်ရေး ကိစ္စများ ရပ်တန့်မသွားဘဲ စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်စေရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေအာဏာ တည်သည့်နေ့တွင် တည်ရှိနေသော တရားရုံးအားလုံးသည် ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ တရားဥပဒေဖြင့် တရားရုံးများကို မတည်ထောင်မီကာလအတွင်း တရားစီရင်ခွင့်အာဏာကို ဆက်လက်ကျင့်သုံးခွင့်ရှိရန် လိုအပ်မှာဖြစ်ပါတယ်။ ကျင့်သုံးရမည့် ဥပဒေများဟာလည်း ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်ပြဋ္ဌာန်းခြင်း မပြုနိုင်မီရှိနေတဲ့ တည်ဆဲဥပဒေများကိုပင် ကျင့်သုံးရမှာ ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား-**

နိုင်ငံတော်တွင် ဖွဲ့စည်းထားသော အာဏာပိုင်အဖွဲ့အစည်းများ (သို့မဟုတ်) အစိုးရဌာနများနှင့် ဝန်ထမ်းများသည် မိမိတို့နှင့် သက်ဆိုင်ရာ လုပ်ငန်းများကို အရှိန်မပျက် ဆက်လက်ဆောင်ရွက်ရန် လိုအပ်ပါတယ်။ ဒါ့ပြင် ယင်းဝန်ထမ်း များ၏ လုပ်ခွင်တည်မြဲမှု ရှိစေရန်လည်း လိုအပ်ပါတယ်။ ဒါမှသာ နိုင်ငံတော်၏ အုပ်ချုပ်ရေးယန္တရားဟာ ကောင်းမွန်စွာ လည်ပတ်နေမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့အနေ ဖြင့်လည်း ယခုအမျိုးသားညီလာခံက ချမှတ်ပေးတဲ့ အခြေခံမူများ အသေးစိတ် အခြေခံမူများနဲ့အညီ ရေးဆွဲပြဋ္ဌာန်းမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို အခြေခံလျက် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးစတဲ့ နိုင်ငံတော်ရဲ့ အရေးအရာများကို လက်တွေ့မကျင့်သုံးနိုင်မီမှာ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက် များရှိရန် လိုအပ်နေကြောင်း သဘောပေါက် နားလည်ရပါတယ်။ လုပ်ငန်း ကော်မတီဥက္ကဋ္ဌက ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များ အခန်းအတွက် ကျင့်သုံးခဲ့ပြီးသည့် ပြည်တွင်းဥပဒေများ၊ ပြည်ပဥပဒေများအား ကိုးကားပြီး မိမိနိုင်ငံနှင့် သင့်တော်မည့်အချက်အလက်များအား ရှင်းလင်းပြောကြားခဲ့ရာ အောက်ပါအချက်များကြောင့် အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်သင့်ပါ တယ်လို့ သဘောရရှိပါတယ်-

**(က)** **နိုင်ငံတစ်ဝန်းလုံး၌ ဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်သည့်နေ့ ရက်ကို သတ်မှတ်ပေးထားခြင်း၊**

**(ခ)** **အာဏာတည်သည့်နေ့မှစ၍ ပြည်ထောင်စုလွှတ်တော်၏ ပထမ အကြိမ် အစည်းအဝေး မကျင်းပမီ လုပ်ဆောင်ရန် ရှိသည်များကို လုပ်ဆောင်နိုင်ရေးအတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသို့ တာဝန်ပေးအပ်ထားခြင်း၊**

**(ဂ)** **နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက် မူဝါဒများ၊ လမ်းညွှန်ချက်များ၊ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းကမ်းဥပဒေများ၊ အမိန့်ကြော်ငြာစာများကို ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော်အနေဖြင့် ဆက်ခံနိုင်ခြင်း၊**

**(ဃ)** **တည်ဆဲဥပဒေနှင့် နည်းဥပဒေအစရှိသည်များကို အစိုးရက ပယ်ဖျက် ပြင်ဆင်ခြင်း မပြုသေးမီ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်သမျှ အတည်ဖြစ်ခြင်း၊**

**(င)** **ဖွဲ့စည်းပုံအခြေခံဥပဒေအရ တည်ထောင်သည့် တရားရုံးများ မပေါ် ပေါက်မီ မပြီးပြတ်သေးသော မှုခင်းများအား၊ ယခင်ဥပဒေများနှင့် အညီ ဆက်လက်စစ်ဆေးနိုင်ခွင့်ရှိခြင်း၊**

**(စ)** **နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ လက်အောက် ၌ ဖွဲ့စည်းတာဝန်ထမ်းဆောင်ခဲ့သော တပ်မတော်အပါအဝင် နိုင်ငံ့ ဝန်ထမ်းများသည် အခြားနည်းလမ်းဖြင့် ပြဋ္ဌာန်းခြင်း မပြုသမျှ ဆက်လက်တည်ရှိနေခြင်း**

စသည့်အချက်အလက်များ ပြည့်စုံသောကြောင့် အသေးစိတ်အခြေခံရမည့်မူများ အဖြစ် ချမှတ်သင့်ပါကြောင်း ထောက်ခံတင်ပြအပ်ပါတယ်။

*(ဆက်လက်ဖော်ပြပါမည်)*

## အားပေးစကားပြောကြား

စစ်ရေးပြအခမ်းအနားအပြီးတွင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် တပ်မတော်ဆေး တက္ကသိုလ် ပင်မစာသင်ဆောင်ရှိ ဧည့်ခန်းမဆောင်၌ တပ်မတော် ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၈)မှ ထူးချွန်ဆုရ ဗိုလ်လောင်းသုံးဦးနှင့် ယင်းတို့၏မိဘများအား တွေ့ဆုံ၍ အားပေးစကားပြောကြားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အင်္ဂပူမြို့နယ်အသင်း (ရန်ကုန်) အသင်းတိုက်ဖွင့်ပွဲ ဆိုင်းဘုတ်တင်ပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၈**

အင်္ဂပူမြို့နယ်အသင်း(ရန်ကုန်)၏ အသင်းတိုက်ဖွင့်ပွဲ၊ ဆိုင်းဘုတ်တင်ပွဲ အခမ်းအနားကို အသင်းတိုက်သစ် တည်ရှိရာ တိုက်အမှတ် ၁၊ အခန်း ၂၀၅၊ ရွှေလိပ်ပြာအိမ်ရာ အောက်ကြည့်မြင်တိုင်လမ်းမကြီး အခြေခံပညာ အထက်တန်းကျောင်း အမှတ်(၃)ရှေ့ရှိ အသင်းတိုက် အဆောက်အအုံ၌ ဒီဇင်ဘာ ၃၀ ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ကျင်းပမည်ဖြစ်သည်။ အသင်းဝင်များ၊ မြို့နယ်သူ မြို့နယ်သားများ တက်ရောက်ကြပါရန်နှင့် အလှူငွေ ထည့်ဝင်လိုသူများသည် ဦးကျော်ဝင်း (ဥက္ကဋ္ဌ) ဖုန်း-၃၈၃၆၁၈၊ ဦးမြင့်အောင် (ဒုတိယဥက္ကဋ္ဌ)ဖုန်း-၀၉-၅၁-၅၉၁၄၄၊ ရုံးဖုန်း-၂၂၁၆၈၄၊ ဦးမြင့်သိန်း (ဒုတိယ ဥက္ကဋ္ဌ) အိမ်ဖုန်း-၅၀၃၈၄၁၊ ဦးသောင်းတင် (အတွင်းရေးမှူး) ရုံးဖုန်း-၂၁၄၆၃၇ နှင့် အသင်းတိုက်တည်ရှိရာ ဖုန်း-၀၁-၅၁၉၂၇၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(က-ပ)**

## မြန်မာ့ရုပ်မြင်သံကြား

**၂၉-၁၂-၂၀၀၆ ရက်**

**(သောကြာနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်

၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့

၇း၃၀ ၃။ နံနက်ခင်းသတင်း

၇း၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး

၇း၅၀ ၅။ ရိုးရာကျေးလက်ကစားနည်း

၈း၀၀ ၆။ အကပြိုင်ပွဲ

၈း၁၀ ၇။ ကြေးမုံရိပ်သွင်တေးနှယ်ဥ

၈း၂၀ ၈။ အရေးပြိုင်ပွဲ

၈း၃၀ ၉။ International News

၈း၄၅ ၁၀။ English for Everyday Use

၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၁၆း၀၀ ၁။ စစ်ချီတေး စစ်သည်တေး

၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ

၁၆း၃၀ ၃။ Practice in Reading

၁၆း၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (သတ္တဗေဒအထူးပြု) [သတ္တဗေဒ]

၁၇း၀၀ ၅။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာ တေးသံသာ

၁၇း၁၅ ၆။ မြန်မာစာ မြန်မာစကား

၁၇း၂၅ ၇။ **"ဆွေမျိုးတော်ပေမယ့်"** ဒုရဲမှူးတင်လင်း၊ ဆောင်းအိန္ဒြေထွန်း၊ ဗေဒါ (ဒါရိုက်တာ-သက်တင်)

၁၇း၃၀ ၈။ နှောင်းခေတ်တေးပဒေသာ

၁၇း၄၀ ၉။ (၅၉)နှစ်မြောက်လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ်

၁၇း၅၅ ၁၀။ **"ညှော်မယ်ဇုံ့"** ခန့်စည်သူ၊ ၄က်ပျောကြော်၊ မိုးပြည့်ပြည့်မောင်၊ တက္ကသိုလ်ဂွမ်းပုံ (ဒါရိုက်တာ-ဖုန်းမြင့်အောင်)

၁၈း၀၀ ၁၁။ ညနေခင်းသတင်း

၁၈း၂၀ ၁၂။ မိုးလေဝသအခြေအနေ

၁၈း၂၅ ၁၃။ သုတစုံလင်ရွှေညာဏ်ရှင်

၁၉း၀၅ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **"အချစ်ဆိုသည်မှာ"** (အပိုင်း-၉)

၁၉း၄၅ ၁၅။ အချုပ်အခြာအာဏာခွန့်ရှည်ကြာ ခိုင်မာစေမှု ဒို့ရေးရှု **"ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် ဝေစည်လှပသည့် မြင်ကွင်းပန်းချီ"**

၂၀း၀၀ ၁၆။ ပြည်တွင်းသတင်း

၁၇။ နိုင်ငံတကာသတင်းများ

၁၈။ မိုးလေဝသအခြေအနေ

၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ရေသူမလေးပထမချစ်ပုံပြင်"** (အပိုင်း-၃၀) (ဇာတ်သိမ်းပိုင်း)

၂၀။ နောက်တစ်နေ့အစီအစဉ်

၂၁။ အစီအစဉ်ပြီး၏။


# ပညာရေးစုံညီပွဲတော်

**နိုင်ငံတစ်ဝန်းလုံးရှိ အခြေခံပညာကျောင်းအားလုံးပါဝင်ဆင်နွှဲစို့**

ဇန်နဝါရီလ(၆ မှ ၈)ရက်၊ ၂၀၀၇ခုနှစ်

**SCHOOL FAMILY DAY**

**(6 to 8) January 2007**


# မင်္ဂလာဈေးဓမ္မာရုံ ဝါပအရုဏ်ဆွမ်း အကြိုတရားပွဲ

**ရန်ကုန် ဒီဇင်ဘာ ၂၈**

မင်္ဂလာ ဈေးသူဈေးသားများနှင့် အလှူရှင်များ စုပေါင်း၍ ဝါပ အရုဏ် ဆွမ်းလောင်းအကြို အဖိတ်နေ့တရားပွဲများကို ဗဟန်းမြို့နယ် ကြားတောရ လမ်းရှိ မင်္ဂလာဈေးဓမ္မာရုံ၌ တရားပွဲများ ကျင်းပမည်ဖြစ်ရာ ၂၀၀၇ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် တိပိဋကဓရ တိပိဋကကောဝိဒ ဘဒ္ဒန္တဝံသပါလလင်္ကာရ၊ ၁၆ ရက်တွင် ဓမ္မဒူတအရှင်ဆေကိန္ဒ၊ ၃၁ ရက်တွင် ဦးခေမိန္ဒ ခင်မကန်ဆရာတော်တို့က ညစဉ် ၇ နာရီမှစတင်၍ နိဗ္ဗာန် ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

**(က-ပ)**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီးဒေါ်ကြိုင်ကြိုင် တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲ တက်ရောက်ချီးမြှင့်



**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီးဒေါ်ကြိုင်ကြိုင်တို့ တပ်မတော် ဆေးတက္ကသိုလ် ဗိုလ်လောင်း သင်တန်း အမှတ်စဉ်(၈) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ကြစဉ်။**

(သတင်းစဉ်)

နေပြည်တော် ဒီဇင်ဘာ ၂၈

**တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၈) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ယနေ့ညနေ ၆ နာရီက ရန်ကုန်မြို့ တပ်မတော်ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင် ခန်းမဆောင်ကြီး၏ စုဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင်တို့ တက်ရောက်ချီးမြှင့်ကြသည်။**

**တက်ရောက်**

အဆိုပါ သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ်ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်ဇနီးဒေါ်ခင်ခင်ဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဗိုလ်ချုပ်မြင့်လှိုင်၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းနှင့် ၎င်းတို့၏ ဇနီးများ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မင်္ဂလာဒုံတပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ တပ်မတော်ဆေးတက္ကသိုလ် ပါမောက္ခချုပ်နှင့် အကြံပေးပုဂ္ဂိုလ်များ၊ ပါမောက္ခ ဌာနကြီးမှူးများ၊ ပါမောက္ခဌာနမှူးများ၊ ကထိကဌာနမှူးများ၊ ဆရာဆရာမများ၊ ကျောင်းဆင်းအရာရှိများနှင့် ၎င်းတို့၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

**ဖျော်ဖြေ**

သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲအပြီးတွင် တပ်မတော်ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမဆောင်ကြီး၌ မြဝတီတေးဂီတအဖွဲ့နှင့်အတူ မြဝတီတေးဂီတ အဖွဲ့မှ အနုပညာရှင်များနှင့် မြန်မာနိုင်ငံဂီတအစည်းအရုံးမှ အနုပညာရှင်များက အဆိုအကများဖြင့်လည်းကောင်း၊ မြဝတီအငြိမ့်အဖွဲ့မှ အငြိမ့်ဖြင့်လည်းကောင်း ဖျော်ဖြေကြသည်။ **(သတင်းစဉ်)**

## ဆေးတက္ကသိုလ်(၂)ရန်ကုန် ကျောင်းသားကျောင်းသူဟောင်းများ မိတ်ဆုံစားပွဲနှင့် အာစရိယပူဇော်ပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၈**

ဆေးတက္ကသိုလ်(၂) ရန်ကုန်မှ ၁၉၆၉–၁၉၇၆ခုနှစ် ကျောင်းဆင်း ကျောင်းသား ကျောင်းသူဟောင်းများ၏ မိတ်ဆုံစားပွဲကို ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၆ရက်ညတွင် ကျင်းပပြီး (၆)ကြိမ်မြောက်အာစရိယပူဇော်ပွဲကို ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၇ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့ တာမွေမြို့နယ် မဟာသန္တိ သုခကျောင်းတော်ကြီး၌ ကျင်းပမည် ဖြစ်သည်။

ကျောင်းသား ကျောင်းသူဟောင်းများအနေဖြင့် မပျက်မကွက် တက်ရောက်ကြရန်နှင့် မိတ်ဆုံစားပွဲနှင့် အာစရိယပူဇော်ပွဲအတွက်အလှူငွေများ ထည့်ဝင်လှူဒါန်းလိုပါက ဒေါက်တာဝင်းဝင်းမြ သဃ်န်းကျွန်း စံပြဆေးရုံကြီး ဖုန်း–၀၉–၉၉–၂၈၀၆၉၊ ဒေါက်တာလှကြင် အထွေထွေရောဂါကုဆေးရုံသစ်ကြီး ဖုန်း–၃၇၉၁၀၉၊ အိမ် ဖုန်း–၃၈၄၄၉၆၊ ဒေါက်တာစီစီထွန်း ဗဟိုအမျိုးသမီးဆေးရုံကြီး ဖုန်း–၂၄၃၅၉၄၊ ၀၉–၈၀–၃၃၅၉၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြောက်ဥက္ကလာပ အထက(၁) ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ

**ရန်ကုန် ဒီဇင်ဘာ ၂၈**

ရန်ကုန်တိုင်း မြောက်ဥက္ကလာပ မြို့နယ် အထက(၁) ကျောင်းသား ဟောင်းများ၏ (၁၅)ကြိမ်မြောက် အာစရိယပူဇော်ပွဲအခမ်းအနားကို ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၁၄ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် အထက(၁)မေတ္တာရိပ် ရင်ပြင်၌ ကျင်းပမည်ဖြစ်သည်။ အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို ဦးအောင်ကြည်မြင့် ဖုန်း–၆၉၉၇၉၉၊ ၂၅၆၃၉၉၊ ဦးချိုအေး၊ ဦးအေးကို ဖုန်း–၆၉၉၅၁၁၊ ၆၉၉၅၁၈၊ ဦးစိန်ဝင်း၊ ဦးဝင်းဖေ အထက(၁) ဖုန်း–၆၉၉၃၈၉၊ ဦးစိုးသန်း–၅၅၉၀၇၄၊ ဦးကျော်ဆန်းထွန်း ဖုန်း–၀၉–၅၁–၀၃၀၀၈၊ ဦးဆုတင်ဖုန်း–၃၈၀၄၉၉၊ ၀၉–၅၀–၀၉၉၀၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

ကြိုတင်ပြင်ဆင်မှု လုပ်ငန်းအစည်းအဝေးများကို အပတ်စဉ် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီ၌ အထက(၁) အသင်းရုံးခန်းတွင် ကျင်းပလျက်ရှိရာ ကျောင်းသားဟောင်းများ တက်ရောက်ကြရန် နှိုးဆော်ထားသည်။ **(မြန်မာ့အလင်း)**

## သစ်တောသုတေသနလုပ်ငန်းဆိုင်ရာ သတင်းအချက်အလက် သင်တန်းများဖွင့်

**နေပြည်တော် ဒီဇင်ဘာ ၂၈**

သစ်တောရေးရာဝန်ကြီးဌာနနှင့် ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာအဖွဲ့ (FAO)တို့ ပူးပေါင်းကျင်းပသည့် သစ်တောသုတေသနလုပ်ငန်းဆိုင်ရာ သတင်း အချက်အလက် သင်တန်းများ ဖွင့်ပွဲကို ဒီဇင်ဘာ ၂၇ ရက် နံနက် ၉ နာရီက နေပြည်တော်ရှိ သစ်တောသုတေသနခန်းမ၌ကျင်းပရာ သစ်တောရေးရာ ဝန်ကြီးဌာန စီမံကိန်းနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဆွေ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ကမ္ဘာ့ကုလသမဂ္ဂစားနပ်ရိက္ခာအဖွဲ့ ဌာနေကိုယ်စားလှယ် Mr. Tang Zhenping က အမှာစကားပြောကြားပြီး ဖွင့်ပွဲကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

## ဆောင်းချမ်းမြုမြူ

**၂၈–၁၂–၂၀၀၆**

| | | |
|---|---|---|
| နေပြည်တော် | ၁၆ | ဒီဂရီစင်တီဂရိတ် |
| ဟားခါး | ၀ | ဒီဂရီစင်တီဂရိတ် |
| လားရှိုး | ၆ | ဒီဂရီစင်တီဂရိတ် |
| ကသာ | ၇ | ဒီဂရီစင်တီဂရိတ် |
| သီပေါ | ၉ | ဒီဂရီစင်တီဂရိတ် |
| ပူတာအို၊ မကွေး | ၁၀ | ဒီဂရီစင်တီဂရိတ် |
| မောင်တော | ၁၁ | ဒီဂရီစင်တီဂရိတ် |
| သံတွဲ၊ ဟသ်ာတ | ၁၂ | ဒီဂရီစင်တီဂရိတ် |
| ရန်ကုန်(မင်္ဂလာဒုံ) | ၁၄ | ဒီဂရီစင်တီဂရိတ် |
| မန္တလေး | ၁၅ | ဒီဂရီစင်တီဂရိတ် |
| မြိတ် | ၂၀ | ဒီဂရီစင်တီဂရိတ် |

(မြန်မာ့အလင်း)

## မြဝတီရုပ်မြင်သံကြား

**၂၉–၁၂–၂၀၀၆ (သောကြာနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇:၀၀ | ၁။ | မြဝတီအဖွင့် |
| ၇:၀၅ | ၂။ | အဖွင့်သီချင်း |
| ၇:၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇:၂၀ | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇:၃၀ | ၅။ | မြန်မာသံစဉ်ချိုနားဝင် |
| ၇:၄၅ | ၆။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ် |
| ၇:၅၀ | ၇။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၇:၅၅ | ၈။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၈:၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈:၁၀ | ၁၀။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |

**ညပိုင်း**

| | | |
|---|---|---|
| ၄:၀၀ | ၁။ | မြဝတီအဖွင့် |
| ၄:၀၅ | ၂။ | အဖွင့်သီချင်း |
| ၄:၁၀ | ၃။ | လက်စွမ်းပြပဟန်ဂီတသံ |
| ၄:၁၅ | ၄။ | ရင်ခုန်စီးဆင်းအချစ်သီချင်း |
| ၄:၃၅ | ၅။ | နားဝင်ငြိမ့်စီးသီချင်းကြီး |
| ၄:၅၅ | ၆။ | မျိုးချစ်တပ်မတော် |
| ၅:၂၅ | ၇။ | အလွမ်းတေးပန်းချီချစ်သူဆီ |
| ၅:၄၀ | ၈။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၆:၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆:၁၀ | ၁၀။ | နိုင်ငံတကာသတင်း |
| ၆:၂၀ | ၁၁။ | မိုးလေဝသသတင်း |
| ၆:၃၀ | ၁၂။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၆:၃၅ | ၁၃။ | စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား |
| ၆:၄၀ | ၁၄။ | လျှပ်တစ်ပြက် |
| ၇:၀၀ | ၁၅။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ထွန်းတောက်လာမည့်ကြယ်တစ်ပွင့်"** (အပိုင်း–၈) |
| ၈:၀၀ | ၁၆။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၇။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| | ၁၈။ | စိုက်ပျိုးသုတ |
| | ၁၉။ | ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင် |
| | ၂၀။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ရွှေမင်းသမီး"** (အပိုင်း–၁၀) |

## The Live News ဂျာနယ် အမှတ်(၁၇) ထုတ်ဝေဖြန့်ချိ

**ရန်ကုန် ဒီဇင်ဘာ ၂၈**

ရွှေပြည်စိုးစာပေတိုက်က အပတ်စဉ် ထုတ်ဝေဖြန့်ချိလျက်ရှိသည့် The Live News ဂျာနယ် အမှတ်(၁၇)ကို ယနေ့ထုတ်ဝေဖြန့်ချိလိုက်သည်။

ချင်းတွင်းမြစ်ကမ်း မုံရွာ–ခန္တီးခရီးလမ်းမှ ဘဝပန်းချီကားချပ်များ၊ ဒေါ်လာသန်း ၁၀၀ ရင်းနှီးမြှုပ်နှံမည့် နိုင်ငံတကာအဆင့်မီ စစ်တွေဆိပ်ကမ်း၊ ရန်ကုန်မြို့တွင် အင်တာနက်အသုံးပြုသူများပြားလာ၊ MMU ကျောင်းသားတွေအတွက် အခွင့်အလမ်းကောင်းတွေပေးတဲ့ (MITT)၊ ညိုမြင်းလွင်၊ စိုင်းစိုင်းခမ်းလှိုင်တို့နှင့်စကားပြောခြင်း၊ ထိုင်းစတော့ဈေးကွက်အလန့်တကြားဖြစ်ခဲ့၊ နှစ်စဉ်တိုးပွားလာတဲ့ ပြင်သစ်အိုးမဲ့အိမ်မဲ့များ၊ ၂၄ ရက်ကြာ ရေနှင့် အစာ မစားသုံးဘဲ နှင်းတောထဲ၌ အသက်ရှင်ခဲ့သူ၊ အဇာဘိုင်ဂျန်က ရေနံကုထုံး၊ အီရတ်ပြန်လည်စည်းလုံးညီညွတ်ရေးကွန်ဖရင့် မအောင်မြင်၊ ကျားပွတ်နှင့် အမဲသား၊ ကျားနှင့်ဆပ်ကပ်ဆရာ၊ ဘာအရေးကြီးဆုံးလဲ၊ အတိတ်နှင့် အနာဂတ်၊ ကိုရီးယားရုပ်ရှင် ကြိုတင်ဇာတ်လမ်းများ စသည့် သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာကဏ္ဍများဖြင့် ဝေဝေဆာဆာ တင်ဆက်ထားသည်။

The Live News ဂျာနယ်သို့ စာမူပေးပို့လိုသူများ၊ ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်လိုသူများသည် အမှတ် ၃၁၀ ဝါးတန်းလမ်း မြေညီထပ် အခန်း ၀၀၄ လမ်းမတော်မြို့နယ် ဖုန်း–၂၂၉၈၈၂၊ ၂၂၉၈၈၅ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**



● **ကျောဖုံးမှ**

## တက်ရောက်

အဆိုပါ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှု ကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေး ပါတီများဖြစ်ကြသည့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ၊ ပြည်ထောင်စုပအိုဝ်း အမျိုးသားအဖွဲ့ချုပ်၊ ရှမ်းပြည်ကိုးကန့် ဒီမိုကရက်တစ်ပါတီ၊ မြို(ခေါ်) ခမိအမျိုးသားညီညွတ်ရေးအဖွဲ့၊ လားဟူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ပြည်ထောင်စုကရင် အမျိုးသားများအဖွဲ့ချုပ်၊ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီနှင့် "ဝ"အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီတို့မှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ၊ မြို(ခေါ်) ခမိအမျိုးသား ညီညွတ်ရေးအဖွဲ့နှင့် တစ်သီးပုဂ္ဂလတို့မှ ရွေးချယ်ခြင်း ခံရသောကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ ဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တိုင်းရင်းသား လူမျိုးကိုယ်စားလှယ်များ၊ တောင်သူလယ်သမားကိုယ်စားလှယ်များ ဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ချင်းပြည်နယ်၊မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တောင်သူ လယ်သမားကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ အလုပ်သမားကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ ဖြစ်ကြသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ နိုင်ငံတော်သမ္မတရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အစိုးရအဖွဲ့ရုံး၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်ရုံး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ဝန်ကြီးဌာနအသီးသီးတို့မှ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များတွင် တစ်ဦးချင်း ဖိတ်ကြားထားသူများနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြသည့် တိုင်းရင်းသားအဖွဲ့အစည်းများ ဖြစ်ကြသော ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၁)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၂)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၃)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) အထူးဒေသ(၄)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)အထူးဒေသ(၅)၊ရှမ်းပြည်နယ်(တောင်ပိုင်း)အထူးဒေသ(၆)၊ ကချင်ပြည်နယ် အထူးဒေသ(၁)၊ ကချင်ပြည်နယ် အထူးဒေသ(၂)၊ကယားပြည်နယ် အထူးဒေသ(၁)၊ ကယားပြည်နယ် အထူးဒေသ(၂)၊ ကယားပြည်နယ်အထူးဒေသ(၃)၊ကရင်နီအမျိုးသား ဒီမိုကရက်တစ်ပါတီ(KNDP) (နဂါး)အဖွဲ့၊ ကရင်နီ အမျိုးသားတိုးတက်ရေးပါတီ (KNPP) (ဟိုယာ)၊ ကရင်နီ အမျိုးသား စည်းလုံးညီညွတ်ရေးပါတီ(ကမစည)၊ တိုးတက်သော ဗုဒ္ဓဘာသာကရင် အမျိုးသား အစည်းအရုံး(DKBA)၊ ဟောင်သရောအထူးဒေသအဖွဲ့၊ လက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ်ခဲ့ကြသည့် ကရင်ပြည်နယ်ဘားအံမြို့နယ် ငြိမ်းချမ်းရေးမြို့သစ်အဖွဲ့၊ ဗမာပြည်ကွန်မြူနစ်ပါတီ (ရခိုင်ပြည်နယ်အဖွဲ့)၊ ရခိုင်တပ်မတော် (AA) အဖွဲ့၊ ဟိုမိန်းဒေသဖွံ့ဖြိုးရေးနှင့် သက်သာချောင်ချိရေးအဖွဲ့၊ ရှေ့ပြည်အေး (MTA) အလင်းဝင်အဖွဲ့၊ မန်ပန်ဌာနေပြည်သူ့စစ်အဖွဲ့၊ မွန်လက်နက်ကိုင် ငြိမ်းချမ်းရေးအဖွဲ့ (ချောင်ချိဒေသ)နှင့် မွန်နိုင်စိုက်ချမ်းအဖွဲ့တို့မှ အမျိုးသားညီလာခံ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးမစတင်မီ နံနက် ၁၁ နာရီခွဲမှ စတင်၍ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသား ညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်း ကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှု ကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များ၊ အလုပ်သမား ကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များသည် အမျိုးသားညီလာခံစုံညီ အစည်းအဝေးကျင်းပရာ ပြည်ထောင်စု ခန်းမနှင့် ကိုယ်စားလှယ်များ နားနေဆောင်ခန်းမတို့၌ အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

### သဘာပတိ

အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင်သဘာပတိအဖြစ် တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးကံညွန့်က ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် အမျိုးသား ညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဝင်ဦးမျိုးသန့်(မောင်ဆုရှင်)၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးစောဖီးလစ်(ခေါ်) ဦးဖီးလစ်ဆမ်၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးမောင်ကြီး၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးမောင်လု(ခေါ်)ဦးလုမြင့်၊ အလုပ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးကျော်ဝင်းထွန်း၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့မှ ဒေါက်တာမောင်မောင်ဝင့်၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးတင်ခနှင့်အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့မှ ဒေါက်တာမနန်တူးဂျာတို့က ဆောင်ရွက်ကြသည်။

အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီရုံး ညွှန်ကြားရေးမှူး (အစည်းအဝေး) ဦးသန်းအောင်က ဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည်က ဆောင်ရွက်သည်။

ရှေးဦးစွာ အခမ်းအနားမှူးက အမျိုးသားညီလာခံစုံညီ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၁၀၈၈ရှိပြီး ညီလာခံကိုယ်စားလှယ် ၁၀၆၉ ဦးတို့ တက်ရောက်ကြသည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၈ ဒသမ ၉၈ ရာခိုင်နှုန်းရှိ၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အမျိုးသား ညီလာခံစုံညီအစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

### ဖတ်ကြားတင်ပြ

ထို့နောက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်း၊နိုင်ငံတော်အလံ၊အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်း၊ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်းနှင့် အထွေထွေပြဋ္ဌာန်းချက်များ အခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့် မူများနှင့်စပ်လျဉ်း၍အမျိုးသားညီလာခံစုံညီ အစည်းအဝေးသို့ တင်ပြသည့် အလုပ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့၏ အကြံပြုချက်စာတမ်းကို ယင်းအစုအဖွဲ့မှ ကိုယ်စားလှယ်များက ဖတ်ကြားတင်ပြကြရာ ရှေးဦးစွာ ရန်ကုန်တိုင်း သန်လျင်မြို့နယ်မှ ကိုယ်စားလှယ် ဦးသင်းကြူက ဖတ်ကြားတင်ပြသည်။

ယင်းနောက်ဧရာဝတီတိုင်း ကြံခင်းမြို့နယ်မှ ကိုယ်စားလှယ် ဦးအုန်းဝင်းက ဆက်လက်ဖတ်ကြား တင်ပြသည်။

ထို့နောက် မကွေးတိုင်း မင်းလှမြို့နယ်မှ ကိုယ်စားလှယ်ဦးမောင်မောင်ကဆက်လက် ဖတ်ကြားတင်ပြသည်။

ယင်းနောက် ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်မြို့နယ်မှ ကိုယ်စားလှယ် ဦးတင်စိန်က ဆက်လက် ဖတ်ကြားတင်ပြသည်။

### ခေတ္တရပ်နား

ထို့နောက် မွန်ပြည်နယ်မော်လမြိုင်မြို့နယ်မှ ဦးဉာဏ်ဦးက ဆက်လက်ဖတ်ကြားတင်ပြပြီး အမျိုးသား ညီလာခံ စုံညီ အစည်းအဝေးကို မွန်းလွဲ ၂ နာရီ ၁၀မိနစ်တွင် ခေတ္တရပ်နားသည်။

ယင်းနောက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို မွန်းလွဲ ၂ နာရီ ၂၅ မိနစ်တွင် ပြန်လည် ကျင်းပရာ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေပြင်ဆင်ခြင်း အခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့်မြို့တော်အခန်း၊ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်းနှင့် အထွေထွေပြဋ္ဌာန်းချက်များအခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့် မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တင်ပြသည့် အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့၏ အကြံပြုချက် စာတမ်းကို ယင်းအစုအဖွဲ့မှ အမျိုးသားညီလာခံ ကိုယ်စားလှယ်များဖြစ်ကြသည့် တမွဲဝတီ ဦးဝင်းမောင်က ရှေးဦးစွာ ဖတ်ကြားတင်ပြသည်။

### ရပ်နား

ယင်းနောက် ညီလာခံကိုယ်စားလှယ် ဦးစိန်ကြည်က ဆက်လက်ဖတ်ကြားတင်ပြပြီး အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ညနေ ၃ နာရီ မိနစ် ၂၀တွင် ရပ်နားလိုက်သည်။

**(အလုပ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့၏ အကြံပြုချက်စာတမ်းနှင့် အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့၏ အကြံပြုချက် စာတမ်းများကို ဆက်လက် ဖော်ပြသွားပါမည်။)**

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ဒီဇင်ဘာ ၂၉ ရက်(သောကြာနေ့) နံနက် ၉ နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။**(သတင်းစဉ်)**

## တက်ရောက်

**အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြစဉ်။** (သတင်းစဉ်)

## ကံမြင့်ကျောင်းတိုက် အထူးတရားပွဲ

**ရန်ကုန် ဒီဇင်ဘာ ၂၈**

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် အောင်ချမ်းသာရပ်ကွက် သီရိမင်္ဂလာလမ်း ကံမြင့်ကျောင်းတိုက် ဓမ္မာရုံကြီးတွင် ၂၀၀၇ခုနှစ် ဇန်နဝါရီ ၁ ရက်နှင့် ၂ရက်များတွင် ညစဉ် ၇ နာရီ၌ ကြောင်ပန်းဝိပဿနာကျောင်းတိုက် ဓမ္မကထိက ဆရာတော် အရှင်သုကဝိ (သာသနဓဇ ဓမ္မာစရိယ၊ ဝိနယ+ဒီဃနိကာယဝိဒူ)က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ရာ ကြွရောက်တရားနာယူနိုင်ကြောင်းသိရသည်။ **(က-ပ)**

## အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့နှင့် အသိပညာရှင်၊အတတ်ပညာရှင်ကိုယ်စားလှယ်များအစုအဖွဲ့တို့၏ အကြံပြုချက်စာတမ်းများ ဆက်လက်ဖော်ပြသွားမည်

ရန်ကုန် ဒီဇင်ဘာ ၂၈

**ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ဒီဇင်ဘာ၂၈ရက်က ကျင်းပသည့်အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့်ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့်မြို့တော်အခန်း၊ ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များအခန်းနှင့် အထွေထွေပြဋ္ဌာန်းချက်များအခန်းတို့အတွက် ချမှတ်သင့်သည့်အသေးစိတ် အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံစုံညီ အစည်းအဝေးသို့တင်ပြသည့် အလုပ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့နှင့် အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့တို့၏ အကြံပြုချက် စာတမ်းများကိုဆက်လက် ဖော်ပြသွားမည်ဖြစ်ပါသည်။** (သတင်းစဉ်)



**(၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နယ်လှည့်စာကြည့်တိုက်ဖွင့်ပွဲ၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ အခမ်းအနားကို ဒီဇင်ဘာ၂၂ရက်က လှိုင်မြို့နယ် အမှတ်(၈)ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင်ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နွဲ့နွဲ့ရီနှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမိုးကျော်အောင်၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ပန်းပန်းဖြိုးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။**
(မြို့နယ် ပြန်/ဆက်)



နေပြည်တော် ပထမအကြိမ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးပြပွဲ ဒုတိယနေ့တွင် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ ပြခန်း၌ ကျောင်းသား ကျောင်းသူများ ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

# နေပြည်တော်၌ ယာဉ်နှင့်လမ်းစည်းကမ်း ပညာပေး အသိနှင့် သတိပြု ပြကွက်များခင်းကျင်းပြသ

နေပြည်တော် ဒီဇင်ဘာ ၂၈

**ယာဉ်အန္တရာယ်ကင်းရှင်းရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို ယာဉ်မောင်းများနှင့် ခြေကျင်ခရီးသွားပြည်သူတစ်ရပ်လုံးက စနစ်တကျလိုက်နာရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ အသိပညာပေးရေးဦးတည်ချက်များဖြင့် နေပြည်တော် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီက ကြီးမှူးကျင်းပသည့် ပထမအကြိမ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးပြပွဲဒုတိယနေ့ကို ယနေ့နံနက် ၇နာရီတွင် ပျဉ်းမနားမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းဝင်း၌ ဆက်လက်ပြသရာ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပြည်သူများ စုစုပေါင်းနှစ်သောင်းကျော်တို့ လာရောက်ကြည့်ရှု လေ့လာကြသည်။**

## ကြည့်ရှုအားပေး

ပြပွဲကို နံနက် ၇ နာရီတွင် ပြသလျက်ရှိရာ ယာဉ်စည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ နာယက နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့် ကော်မတီဥက္ကဋ္ဌ နေပြည်တော် တိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးကြီး ရန်နိုင်ဦးတို့ ရောက်ရှိလာကြပြီး ပြပွဲ၌ ပြသထားသော ပြခန်းများ၊ ကုမ္ပဏီအရောင်းပြခန်းများနှင့်၊ စက်မှုဇုန်များမှ ထုတ်လုပ်သော မော်တော်ယာဉ်များကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် တိုင်းမှူးနှင့် အဖွဲ့သည် ပျဉ်းမနားမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ရတနာပုံခန်းမ၌ ကျင်းပသော အခြေခံပညာမူလတန်းအဆင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဉာဏ်စမ်းပဟေဠိ ပြိုင်ပွဲသို့ တက်ရောက်အားပေးကြည့်ရှုကြသည်။

## ဗဟုသုတတိုးပွား

အဆိုပါ ပြိုင်ပွဲကို ကျင်းပပေးခြင်းအားဖြင့် ပြည်သူများနှင့် ကလေးများအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ဗဟုသုတများ တိုးပွားရရှိစေသည်။

ပြပွဲ၏ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ပြခန်းတွင် **"အန္တရာယ်ကင်းစေဖို့-ဆိုင်ကယ်စီးဦးထုပ်ဆောင်းကြစို့"** ဆောင်ပုဒ်ဖြင့် ဆိုင်ကယ်စီးသူများ လိုက်နာဆောင်ရွက်ရမည့် သတိပြုရန်အချက်များ၊ ထူးခြားဖြစ်စဉ်များ၊ အန္တရာယ် ကာကွယ်မှုများကို ဓာတ်ပုံမှတ်တမ်းများဖြင့်လည်းကောင်း၊ ကုန်တင်ယာဉ်များ သတိပြုလိုက်နာရန်နှင့် တင်ဆောင်ခွင့်ပြုသည့် နှုန်းထားဖော်ပြချက်များ၊ ယာဉ်များက ကုန်စည်တင်ပြီး မောင်းနှင်ရာ၌ ယာဉ်ပေါ်မှ အစွန်းထွက်မှု သတ်မှတ်ချက်များ၊ သတ်မှတ်ချက်များ မလိုက်နာပါက ထိရောက်စွာ အရေးယူဆောင်ရွက်မည့် အသိပေးစာတမ်း ပိုစတာများကိုလည်းကောင်း၊ ထို့အပြင် ယာဉ်မောင်း လိုင်စင်စစ်ဆေးခြင်း၊ ယာဉ်တစ်စီး၌ ပြည့်စုံရန် အချက်များ၊ ယာဉ်ကြံ့ခိုင်မှုများ စစ်ဆေးခြင်း၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေး အတွက် လမ်းအမှတ်အသားများ၊ အထူးတားမြစ်ချက်နှင့် ကန့်သတ်နယ်မြေ လမ်းညွှန် အမှတ်အသားများပြကွက်၊ မြန်မာနိုင်ငံအနှံ့အပြားရှိ စက်မှုဇုန်များမှ ထုတ်လုပ်ပြီးစီးပြီး ခွင့်ပြုချက်ရရှိပြီးသော ယာဉ်အမျိုးအစားများကို မှတ်တမ်းဓာတ်ပုံများဖြင့် လည်းကောင်း ဖော်ပြထားသည်။

ထို့အတူ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ ပြခန်းတွင် လမ်းလယ်ကျွန်း၊ အလှပန်း စိုက်ကွက်များ၊ ခရီးသည်တင်ယာဉ် စခန်းများ၊ နေပြည်တော်မြို့မဈေး တည်ဆောက်ထားမှု၊ ကန့်ကော်ဈေး ပြကွက်၊ ဟိုတယ်များပြကွက်၊ နေပြည်တော်ရှိ ဝန်ထမ်းနေအိမ်ပြကွက်များ၊ မြို့တော်ခန်းမ တည်ဆောက်ထားမှု အခြေအနေ၊ သပြေကုန်းအဝိုင်း တည်ဆောက်ပြီးစီးမှုအခြေအနေ၊ ဘောဂ သီရိအဝေးပြေး ယာဉ်ရပ်နားစခန်း (ပွဲရုံတန်း)၊ အဝေးပြေးဂိတ် ယာဉ်ရပ်နားစခန်းများ တည်ဆောက်ပြီးစီးမှုများကို မှတ်တမ်းဓာတ်ပုံများဖြင့် ခင်းကျင်းပြသထားသည်။

## မှတ်တမ်းဓာတ်ပုံများ

အလားတူ မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေး ကော်မတီ ပြခန်းတွင် **"သွားလာလွယ်ကူ ဒို့ပြည်သူ၊ ကြိုးစားလှုပ်ရှား မထသအဖွဲ့များ"** ဆောင်ပုဒ်နှင့်အညီ မော်တော်ယာဉ်များ မြို့နယ်အသီးသီးသို့ ပြေးဆွဲနေမှုများကိုလည်းကောင်း၊ တော်ဝင်မော်တော်ယာဉ်လိုင်းများ ပြေးဆွဲသည့် လမ်းကြောင်း ပြကွက်များ၊ ခရီးမိုင်နှုန်းများ၊ ရပ်တန့်သည့်နေရာများ၊ မြေပုံကားချပ်များ၊ မှတ်တမ်းဓာတ်ပုံများဖြင့် ပြသထားသည်။

ထို့အတူ မြန်မာနိုင်ငံ ယာဉ်ထိန်းရဲတပ်ဖွဲ့ ပြခန်းတွင် ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့များက လူတိုင်းလူတိုင်းအတွက် **"အသိနှင့်သတိပြု"**ပြကွက်များမှ ယာဉ်မတော်တဆမှုများကိုလည်းကောင်း၊ နေပြည်တော်၌ ယာဉ်မတော်တဆမှုဖြစ်ပွားမှုအခြေအနေ၊ မဆင်ခြင်၍ ပြင်မရတဲ့ အမှားများပြကွက်မှ စကားမပြောသော သက်သေများ၊ **"စည်းကမ်းသည် လူ၏တန်ဖိုး"၊ "နောင်မှ တရတဲ့ နောင်တ"** ပြကွက်များကို လည်းကောင်း သတင်းစာများက ပြောသော နိုင်ငံတကာ မော်တော်ယာဉ် ထိခိုက်မှုများပြကွက်နှင့် ပို့ဆောင်ရေး စီမံကိန်းဦးစီးဌာန ပြကွက်များကိုလည်းကောင်း ပြသထားသည်။

## ခင်းကျင်းပြသ

အလားတူ မော်တော်ယာဉ်ပြခန်းများ၊ အဝတ်အထည်အရောင်းဆိုင်များ၊ အလှကုန်၊လူသုံးကုန်နှင့် ဆေးဝါးပစ္စည်းများအရောင်းဆိုင်များ အပါအဝင် ပြခန်း ၂၅ ခန်း၊ ဌာနဆိုင်ရာအရောင်းပြခန်း ၅၅ ခန်းတို့ ကိုလည်း ခင်းကျင်းပြသထားသည်။

အဆိုပါပြပွဲကို ဒီဇင်ဘာ ၃၁ရက်အထိ ဆက်လက် ပြသသွားမည် ဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

# (၅၉) နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များ

☆ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲပူးပေါင်း ကာကွယ်စောင့်ရှောက်ရေး။

☆ ပြည်ထောင်စု မပြိုကွဲရေး။ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်း ထိန်းသိမ်းကာကွယ်ရေး။

☆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်း ပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး။

☆ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရေး။

# မြန်မာနိုင်ငံဆရာဝန်အသင်း ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၈**

မြန်မာနိုင်ငံ ဆရာဝန်အသင်း ဂေါက်သီးရိုက်အဖွဲ့၏ လစဉ်ကျင်းပမြဲဖြစ်သော ဂေါက်သီးရိုက်ပြိုင်ပွဲ အတွက် ဒီဇင်ဘာ ဂေါက်သီးရိုက်ပြိုင်ပွဲကို ဒီဇင်ဘာ ၃၁ ရက် နံနက် ၆ နာရီတွင် မြန်မာနိုင်ငံ ဂေါက်ကွင်း(၉)မိုင်၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင် ဆရာဝန်များ ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်မာပီဂျီအေနှင့် ဂေါက်သီးရိုက်အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ပဲခူးမြို့ ဟံသာဝတီဂေါက်ကွင်း၌ ကျင်းပမည်




ရန်ကုန် ဒီဇင်ဘာ ၂၈

**မြန်မာပီဂျီအေနှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်တို့က ကြီးမှူး၍ ၂၀၀၇ ခုနှစ် မြန်မာပီဂျီအေနှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကို ဇန်နဝါရီ ၂ ရက်မှ ၅ ရက်အထိ ပဲခူးတိုင်း ပဲခူးမြို့နယ် ဆယ်မိုင်ကုန်းရှိ ဟံသာဝတီဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်သည်။**

ပြိုင်ပွဲတွင် Professional Golfers အဆင့်ပြိုင်ပွဲ၊ အမျိုးသား အပျော်တမ်းအဆင့် (အကျောပေး ၀ မှ ၁၂) နှင့် အမျိုးသမီးအပျော်တမ်း (အကျောပေး ၀ မှ ၁၈) ဟူ၍ ခွဲခြားကျင်းပမည်ဖြစ်သည်။

## ပံ့ပိုးကူညီ

ယင်းပြိုင်ပွဲတွင် KM Golf Centre၊ Srixon ၊ Point Golf Shop၊ Yamato Golf Shop၊ Grand Royal Special Reserve Whisky၊ Imperial Jade Purified Drinking Water၊ Hanthawaddy Golf and Country Club Golf World Trophy and Golf Accessories တို့က အသီးသီး ပံ့ပိုးကူညီကြမည် ဖြစ်သည်။

## အမည်စာရင်း

ပါဝင်ယှဉ်ပြိုင်လိုသော ဂေါက်သီးရိုက် အားကစားသမားများသည် ဒီဇင်ဘာ ၃၁ရက် ညနေ ၄နာရီ နောက်ဆုံးထား၍ ဖုန်း-၅၄၂၉၈၉၊ ၇၂၃၂၂၁၊ ၀၅၂-၂၂၂၅၄ တို့သို့ အမည်စာရင်းပေးသွင်းရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# သတိပေးနှိုးဆော်ချက်

၁။ ရန်ကုန်မြို့တော်အား မြို့တော်အင်္ဂါရပ်နှင့်လျော်ညီစွာ သာယာလှပစေပြီး ပြည်သူများ စိတ်နှလုံးချမ်းမြေ့စွာ အပန်းဖြေ အနားယူနိုင်ရန် ပန်းခြံများ၊ ကန်ပေါင်များ၊ သစ်ပင်များ၊ မြက်ခင်းများ၊ ပန်းအလှပင်များကို နိုင်ငံတော်ဘဏ္ဍာငွေမှ ငွေကြေးမြောက်မြားစွာ အကုန်အကျခံ၍ တည်ဆောက်ပေးထားပါသည်။ အင်းလျားကန်ပေါင်၊ ကန်တော်ကြီးဥယျာဉ်နှင့် ပြည်သူလူထု အပန်းဖြေရန် ဆောက်လုပ်ထားသည့် ဥယျာဉ်၊ ပန်းခြံများနှင့် ကန်ပေါင်များတွင် မြက်ခင်းများ၊ သစ်ပင်ပန်းခင်းများ၊ ထီးများ၊ ထိုင်ခုံများ၊ တံတားများ၊ မီးလုံးမီးဆိုင်းများနှင့် အခြားလိုအပ်သော ပစ္စည်းများကိုလည်း တပ်ဆင်ထားရှိပါသည်။

၂။ သို့ရာတွင် ပြည်သူများအပန်းဖြေရန် ပြုလုပ်ထားသည့် ပစ္စည်းများသည် စည်းကမ်းမဲ့သော ပြည်သူအချို့ကြောင့် ပျက်စီးခဲ့ရပြီး နှစ်သစ်ကူးကာလရက်များအတွင်း အပျော်လွန်ကဲ၍သော်လည်းကောင်း၊ မူးယစ်ရမ်းကား၍သော်လည်းကောင်း အကြောင်းအမျိုးမျိုးကြောင့် ဖျက်ဆီးခဲ့၍ ပြည်သူပိုင်ပစ္စည်း ကာကွယ်ရေးဥပဒေပုဒ်မ-၆(၁)အရ ၂၀၀၃-၂၀၀၄တွင် တရားခံခုနစ်ဦး၊ ၂၀၀၄-၂၀၀၅တွင် တရားခံခြောက်ဦးနှင့် ၂၀၀၅-၂၀၀၆တွင် တရားခံ တစ်ဦးတို့အား ထိရောက်ပြစ်ဒဏ်ချမှတ်၍ အရေးယူခဲ့ရပါသည်။

၃။ ယခုနှစ်တွင်လည်း မြို့တော်သာယာလှပစေရေးအတွက် ပြည်သူများ အပန်းဖြေရန်နှင့် ကျန်းမာရေးလေ့ကျင့်ခန်းများ ပြုလုပ်နိုင်ရန် ဆောင်ရွက်ထားသည့် လမ်းများ၊ သစ်ပင်များ၊ မြက်ခင်းများ၊ ထီးများ၊ ထိုင်ခုံများ၊ မီးလုံးမီးဆိုင်းများ၊ ဆိုင်းဘုတ်များ စသည်တို့အား ပျော်ရွှင်မှုလွန်ကဲ၍သော်လည်းကောင်း၊ မူးယစ်ရမ်းကား၍သော်လည်းကောင်း၊ အကြောင်းအမျိုးမျိုးကြောင့်သော်လည်းကောင်း ဖျက်ဆီးပါက ယခင်နှစ်များနည်းတူ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ**

# နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များမသုံးစွဲရနေ့ဖြစ်သည်။

**၂၀၀၆ခုနှစ်၊ ဒီဇင်ဘာလအတွက် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)**

**(၃၁-၁၂-၂၀၀၆)ရက်နေ့**

**၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလအတွက်**

**(၁၄-၁-၂၀၀၇) ရက်နေ့**

**နှင့် (၂၈-၁-၂၀၀၇)ရက်နေ့**

# ကမ္ဘာတစ်လွှား အားကစား

## တိုက်စစ်မှူး ဘီတီအား မရောင်းပါ အဲဗာတန်နည်းပြ မိုရက်စ်ပြောကြား

စုစည်းတင်ပြသူ
မြင့်မောင်စိုး

လန်ဒန် ဒီဇင်ဘာ ၂၈

အဲဗာတန် တိုက်စစ်မှူး ဂျိမ်းစ် ဘီတီအား လာမည့်လ အပြောင်းအရွှေ့ကာလတွင် အသင်းမှ ရောင်းချဖွယ်ရှိသည်ဆိုခြင်းကို အသင်းနည်းပြ ဒေးဗစ်မိုရက်စ်က ငြင်းဆိုလိုက်သည်။



အဲဗာတန်တိုက်စစ်မှူး ဘီတီ။ (ဓာတ်ပုံ-အင်တာနက်)

**ပုံမှန်ကစားခွင့်မရ**

အသက် (၂၈) နှစ်ရှိ ဘီတီသည် ၂၀၀၅ ခုနှစ်က ဆောက်သမ်ပတန်အသင်းမှ ပေါင်ခြောက်သန်းဖြင့်စာချုပ်ခေါ်ယူခဲ့ခြင်းဖြစ်သည်။ သို့သော်လည်း ၎င်းသည် မေလက ခရစ္စတယ်ပဲလေ့စ်မှ အင်ဒရူးဂျွန်ဆင် ရောက်လာချိန်မှစ၍ ပုံမှန်ကစားခွင့်မရခဲ့ချေ။ ဂျိမ်းအား အပြောင်းအရွှေ့ ကာလတွင် ရောင်းချလိမ့်မည်မဟုတ်ကြောင်း၊ ၎င်းသည် မိမိတို့အတွက် အကောင်းဆုံးလုပ်ပေးနိုင်ကြောင်း၊ ၎င်းအပေါ် မိမိတို့ သံသယမရှိကြောင်း မိုရက်စ်က အသင်းဝက်ဘ်ဆိုက်သို့ ပြောကြားသည်။ ဖူလ်ဟမ်၊ နယူးကာဆယ်နှင့် ဘလက်ဘန်းတို့ကလည်း ၎င်းအားခေါ်ယူရန် ဆက်သွယ်ခဲ့သည်ဟုဆိုသည်။ **(အင်တာနက်)**

## အင်တာမီလန်ကွင်းလယ်ကစားသမား ဖီဂို ဆော်ဒီအာရေဗျ ကလပ်တစ်ခုသို့ပြောင်းရန် ဆက်သွယ်ခဲ့



ကွင်းလယ်ကစားသမား လူးဝစ်ဖီဂို။ (ဓာတ်ပုံ-အင်တာနက်)

မီလန် ဒီဇင်ဘာ ၂၈

အင်တာမီလန် ကွင်းလယ် ကစားသမား လူးဝစ်ဖီဂိုသည် ဆော်ဒီအာရေဗျ အသင်းတစ်သင်းဖြစ်သော အယ်အစ်တီဟက်သို့ ပြောင်းရွှေ့ရန် ဆက်သွယ်ခဲ့ကြောင်း ပေါ်တူဂီသတင်းများက ဖော်ပြသည်။

**စာချုပ်နိုင်ဖွယ်**

အသက်(၃၄)နှစ်ရှိ ဖီဂိုသည် တစ်နှစ်စာချုပ်ဖြင့် စာချုပ်ရန် နီးစပ်နေပြီး ဇန်နဝါရီလတွင် ပေါင်သုံးသန်းဖြင့် စာချုပ်နိုင်ဖွယ် ရှိသည်။

ဖီဂိုသည် ကမ္ဘာ့ဖလားဘောလုံးပွဲအပြီး နိုင်ငံတကာလက်ရွေးစင်ဘောလုံးသမားအဖြစ်မှ အနားယူခဲ့သည်။

၎င်းသည် ဂျာမနီကမ္ဘာ့ဖလားတွင် ဂျာမနီအသင်းနှင့် ပေါ်တူဂီတို့ တတိယနေရာလုရာတွင် ပါဝင်ကစားခဲ့သည်။ ဖီဂိုသည် ပေါ်တူဂီအသင်းကို ပွဲပေါင်း ၁၂၇ ပွဲ အသင်းခေါင်းဆောင်အဖြစ် ဦးဆောင်ကစားပေးနိုင်ခဲ့သည်။

**ပါဝင်ကစား**

၂၀၀၅ ခုနှစ်က အင်တာမီလန်နှင့် စာမချုပ်မီ ၎င်းသည် ပေါ်တူဂီကလပ် စပို့တင်းလစ္စဘွန်း၌ လည်းကောင်း၊ ဘာစီလိုနာအသင်း၌ လည်းကောင်း၊ ရီးရဲမက်ဒရစ်အသင်း၌ လည်းကောင်း ပါဝင်ကစားခဲ့သည်။ **(အင်တာနက်)**

## ဘာတစ္စတာ၏ အနာဂတ် အာဆင်နယ်၌ မသေချာ

လန်ဒန် ဒီဇင်ဘာ ၂၈

ဂျူလီယိုဘာတစ္စတာသည် အာဆင်နယ်အသင်းတွင် ဆက်နေလိုသော်လည်း ကာလရှည်နေထိုင်ကစားရေးအတွက် မသေချာကြောင်း အာဆင်နယ်က ပြောကြားသည်။



အာဆင်နယ်ရောက် ဘာတစ္စတာ။ (ဓာတ်ပုံ-အင်တာနက်)

**ကူညီပေးလို**

ဘာတစ္စတာအား ရီးရဲမက်ဒရစ်မှ ကာလရှည်အငှားခေါ်ယူထားသည်။ ၎င်းသည် အာဆင်နယ်မှ ရေးယက်စ် ရီးရဲမက်ဒရစ်သို့ ပြောင်းရွှေ့သွားချိန်တွင် အငှားခေါ်ယူခဲ့ခြင်းဖြစ်သည်။ မိမိအနေဖြင့် အာဆင်နယ်အသင်းကို ယခုထက် ပိုမိုအောင်မြင်စေရန် ကူညီပေးလိုကြောင်း ဘာတစ္စတာက ပြောကြားသည်။

ဘရာဇီးနိုင်ငံသား အဆိုပါ ကစားသမားသည် လန်ဒန်ကလပ်သို့မပြောင်းမီ အာစင်ဝင်းဂါးအသင်းတွင် ကာလရှည် ကစားသွားရန် ရည်မှန်းထားခဲ့သည်ဟု ဆိုသည်။

**အောင်မြင်မှုမရနိုင်**

သို့သော်လည်း ၎င်းသည် ဗုဒ္ဓဟူးနေ့က လူစားအဖြစ်သာ အာဆင်နယ်အသင်းတွင် ပါဝင်ကစားခဲ့ရသည်။ အာစင်ဝင်းဂါးက မိမိအားလူစားအဖြစ် ထည့်ကစားသည့်တိုင်အောင် အာဆင်နယ်၌ ဆက်လက်တည်မြဲရေးအတွက် စောင့်ဆိုင်းရလိမ့်မည်ဖြစ်ကြောင်း၊ သို့သော်လည်း ပုံမှန်ကစားခွင့်မရလျှင် အောင်မြင်မှုမရနိုင်ကြောင်းလည်း ဘာတစ္စတာက ပြောကြားသည်။ **(အင်တာနက်)**

## ဘက်ခမ်းနှင့်စာချုပ်ဆိုရန် ရီးရဲမက်ဒရစ်မျှော်လင့်



ရီးရဲမက်ဒရစ်သို့ အဖြေပေးရမည့် ဒေးဗစ်ဘက်ခမ်း။ (ဓာတ်ပုံ-အင်တာနက်)

ရေးသားတင်ပြသူ
မောင်မောင်မြင့်ဆွေ

မက်ဒရစ် ဒီဇင်ဘာ ၂၈

ဒေးဗစ်ဘက်ခမ်းနှင့် စာချုပ်သစ်ထပ်မံ ချုပ်ဆိုနိုင်ရေးအတွက် ရီးရဲမက်ဒရစ်ကလပ်က မျှော်လင့်လျက်ရှိကြောင်း၊ ဒေးဗစ်ဘက်ခမ်း၏ အဖြေကို မိမိတို့ စောင့်နေသည်ဟု ရီးရဲမက်ဒရစ်ကလပ် တာဝန်ရှိသူများက ပြောကြားသည်။

**အဖြေပေးရမည်**

ဒေးဗစ်ဘက်ခမ်းအနေဖြင့် ဒီဇင်ဘာ ၃၁ရက်မတိုင်မီ ရီးရဲမက်ဒရစ်သို့ အဖြေပေးရမည်ဖြစ်ကြောင်း၊ မိမိတို့ကို ပြတ်သားသောဆုံးဖြတ်ချက်ပေးရမည်ဟု၎င်းတို့ကပြောကြားသည်။

ဒေးဗစ်ဘက်ခမ်းနှင့် ရီးရဲမက်ဒရစ်တို့သည် ၂၀၀၇ခုနှစ် ဇွန်လ၌ စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သည်။ ဖီဖာ၏စည်းမျဉ်းအရ ဘောလုံးသမားအပြောင်းအရွှေ့ကို ဇန်နဝါရီ ၁ရက်မှ စတင်ကာ အခြားကလပ်သို့ ပြောင်းရွှေ့ခွင့်ရရှိကြမည်ဖြစ်သည်။

ဒေးဗစ်ဘက်ခမ်းအနေဖြင့် ရီးရဲမက်ဒရစ်တွင် ဆက်လက်ကစားသွားရန် မိမိတို့ဆန္ဒရှိနေကြောင်း မိမိတို့စာချုပ်သက်တမ်း တိုးမြှင့်ရန်အသင့်ရှိနေကြောင်း ရီးရဲမက်ဒရစ်ကလပ်ဥက္ကဋ္ဌ ရာမွန်ကယ်ဒီရွန်က ပြောဆိုသည်။ **(အင်တာနက်)**

## အာဆင်နယ်တိုက်စစ်မှူး အဒီဘာယောဒဏ်ရာရ၍ နားရမည်

လန်ဒန် ဒီဇင်ဘာ ၂၈

အာဆင်နယ် တိုက်စစ်မှူး အဒီဘာယောသည် ဒီဇင်ဘာ ၃၀ ၌ ကစားမည့် ရှက်ဖီးနှင့်ပွဲတွင် ပေါင်ကြောဒဏ်ရာရရှိနေသဖြင့် ပါဝင်ကစားနိုင်မည်မဟုတ်ကြောင်း အာဆင်နယ်ကလပ်က ပြောကြားသည်။



ဒဏ်ရာရခဲ့သည့် အဒီဘာယော။ (ဓာတ်ပုံ-အင်တာနက်)

**လွဲဖွယ်**

တိုဂိုတိုက်စစ်မှူးလည်း ဖြစ်သည့် အဒီဘာယောသည် ပေါင်ကြောဒဏ်ရာရရှိနေသလို တိုက်စစ်မှူးအွန်နရီလည်း ဒဏ်ရာရရှိနေသဖြင့် ရှက်ဖီးနှင့်ပွဲ၌ လွဲဖွယ်ရှိနေသည်။

ထိုသို့ အာဆင်နယ်တိုက်စစ်မှူးနှစ်ဦးဒဏ်ရာရရှိခဲ့သဖြင့် စိတ်ပျက်ရကြောင်း၊အာဆင်နယ်အတွက်အားထားရသော တိုက်စစ်မှူးဖြစ်သည့်အတွက် နှစ်နာမှုဖြစ်ရကြောင်း အာစင်ဝင်းဂါးက ပြောကြားသည်။ အဒီဘာယောသည် ဝက်ဖို့ဒ်နှင့် အင်္ဂါနေ့က ကစားခဲ့သောပွဲ၌ ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။ အသက် (၂၁)နှစ် အရွယ်ရှိ အဒီဘာယောသည် အနည်းဆုံး သီတင်းသုံးပတ်ခန့် အနားယူရဖွယ်ရှိကြောင်း၊ ဒဏ်ရာမှာ ဆိုးရွားသောအနေအထား မဟုတ်ကြောင်း အာဆင်နယ်က ပြောကြားသည်။ **(အင်တာနက်)**

## တော့တီသည် အနုပညာရှင်ဆန်သော ဘောလုံးသမားတစ်ဦးဖြစ်ကြောင်း ပလာတီနီမှတ်ချက်ပြု

ရောမ ဒီဇင်ဘာ ၂၈

အေအက်စ်ရိုးမားအသင်းနှင့် အီတလီ ဘောလုံးအသင်း ကစားသမား တော့တီသည် အနုပညာဆန်သော ဘောလုံးသမားတစ်ဦးဖြစ်ကြောင်း ဂျူဗင်းတပ်စ်အသင်း အကျော်အမော်ဟောင်းတစ်ဦးဖြစ်သူ မီချယ်ပလာတီနီက ချီးမွမ်းလိုက်သည်။



ရိုးမားအသင်းမှ တော့တီ(ဝဲ)အား တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

**ကစားနိုင်**

ဖရန်ဆစ်စကိုတော့တီသည် တကယ့်ထူးချွန်သော ဘောလုံးသမား တစ်ဦးဖြစ်ကြောင်း၊ ဘောလုံးကို အနုပညာဆန်စွာ ကစားနိုင်သူဖြစ်ကြောင်း ပလာတီနီက ပြောကြားသည်။

**ပြောကြား**

တော့တီသည် အီတလီဘောလုံးအသင်း ကမ္ဘာ့ဖလားဆုရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သူတစ်ဦးလည်း ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အီတလီမီဒီယာများကလည်း တော့တီသည် ကြီးကျယ်သော ဘောလုံးသမားတစ်ဦးဖြစ်ကြောင်း အမွှမ်းတင်ရေးသားဖော်ပြသည်။ တော့တီသည် ပါရမီရှိပြီး ဘောလုံးကို အများနှင့်မတူ ထူးချွန်ပြောင်မြောက်စွာ ကစားနိုင်သူဖြစ်ကြောင်း၊ ဘောလုံးကစားခြင်းကို ချစ်မြတ်နိုးသူတစ်ဦးဖြစ်ကြောင်းလည်း မီဒီယာများက ဖော်ပြသည်။

လောလောဆယ်တွင် ရိုးမားအသင်းတွင် တော့တီသည် အဓိကဘောလုံးသမားဖြစ်သကဲ့သို့ အီတလီအသင်းအတွက်လည်း အားထားရသည့် ဘောလုံးသမားအဖြစ် ရှိနေသည်။ **(အင်တာနက်)**

# ကျန်းမာကြံ့ခိုင် ပြည့်မဏ္ဍိုင် ပါဝင်လှုပ်ရှား လူထုအားကစား

မိုးအကုန် ဆောင်းအကူး မြောက်လေပြေမြူးသည့် ဒီဇင်ဘာလတွင် လူထုအားကစားပွဲ၊ ပျော်ပွဲ၊ ရွှင်ပွဲ၊ စုပေါင်းလမ်းလျှောက်ပွဲများ ကျင်းပလေ့ရှိ၏။

ယခု ဒီဇင်ဘာလတွင်လည်း တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် အမျိုးသားအားကစား လှုပ်ရှားမှုပွဲကြီးကို ဒီဇင်ဘာလ ၁ ရက်နေ့မှစ၍ ပထမပတ်၊ ဒုတိယပတ်အဖြစ်နှင့် စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းနှင့်ပြည်နယ် အသီးသီးတွင် ကျင်းပကြသည်ကို တွေ့ရှိရသည်။

ယခုနှစ်၏ ထူးခြားချက်မှာ "ကျန်းမာကြံ့ခိုင် ပြည့်မဏ္ဍိုင် ပါဝင်လှုပ်ရှား လူထုအားကစား"ဟူသော ကျန်းမာရေးလမ်းညွှန် ဆောင်ပုဒ်နှင့်အညီ နေပြည်တော်တွင် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့်ဇနီး ဦးဆောင်၍ ပြည်သူလူထု စုပေါင်းလမ်းလျှောက်ပွဲကြီးကိုလည်းကောင်း၊ ရန်ကုန်မြို့တွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းနှင့်ဇနီး ဦးဆောင်သော လူထုလမ်းလျှောက်ပွဲကြီးကိုလည်းကောင်း၊ ပုသိမ်မြို့တွင် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သူရမြင့်အောင် ဦးဆောင်သော လူထုလမ်းလျှောက်ပွဲကြီးကိုလည်းကောင်း ကျင်းပကြရာ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ သက်ဆိုင်ရာ တပ်နယ်မိသားစုဝင်များ၊ ကျောင်းဆရာ ဆရာမများ၊ ကျောင်းသူ ကျောင်းသားများ၊ မြို့ခံပြည်သူများ တပျော်တပါး စုပေါင်းပါဝင်ဆင်နွှဲကြသည်။

ကျန်မြို့နယ် ကျေးရွာများတွင်လည်း "စောစောအိပ်လို့၊ စောစောထလို့၊ စောစောလမ်းလျှောက်ကြပါစို့" ဟူသော ကျန်းမာရေးနှိုးဆော်ချက်အတိုင်း သူ့နေရာနှင့်သူ စုပေါင်းလမ်းလျှောက်နေကြသည်ကို တွေ့မြင်ရပေသည်။

တစ်ကိုယ်ရေ ကျန်းမာရေးမှ လူတိုင်း၏ကျန်းမာရေးသည် အဓိကကျသည့် လိုအပ်ချက်ဖြစ်သည်။ ဦးစားပေး စုပေါင်းအားထုတ် လုံ့လပြုနေသင့်သည်။ ကျန်းမာမှ အသက်ရှည်မည်။ ကျန်းမာစွာ သက်တမ်းစေ့နေကြရမှ ရခဲလှသော လူ့ဘဝချမ်းသာကို ခံစားရရှိကြပေမည်။

ထို့ပြင် နိုင်ငံတော်နှင့်ပြည်သူတို့၏ လိုအပ်ချက်ဖြစ်သည့် ပညာရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးကဏ္ဍ တိုးတက်မြင့်မားရေးကိုလည်း



၂၀၀၆ခုနှစ် ဒီဇင်ဘာ စတုတ္ထပတ် လူထုအားကစားလှုပ်ရှားမှု စုပေါင်းလမ်းလျှောက်ပွဲကို နေပြည်တော်၌ ဤသို့ကျင်းပခဲ့သည်။ (သတင်းစဉ်)

အားစိုက်၊ ခွန်စိုက် ဆောင်ရွက်နိုင်ကြသည်နှင့်အမျှ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ အရောက်လှမ်းနိုင်မည်မှာ မလွဲဧကန်ဖြစ်ပေသည်။

ခေတ်ကာလကို ဆန်းစစ်လျှင် တစိုက်မတ်မတ် အဆင့်ဆင့်တိုးတက်နေသည်ကို မြင်တွေ့နိုင်လေသည်။ ကမ္ဘာ့တိုင်းနိုင်ငံ အသီးသီးတွင် သူ့နေရာနှင့်သူ တိုးတက်နေကြသည်။ သို့သော် ထိုတိုးတက်မှု နောက်ကွယ်၊ နောက်ဆွယ်မှ ဖြာစိမ့်ယိုစီးထွက်လာနေသော အဆိပ်အတောက်၊ ဂြိုဟ်ဆိုး၊ ရောဂါဆန်း၊ ရောဂါဆိုးတို့သည် လူသားတို့၏ ကျန်းမာရေးကို ထိခိုက် နစ်နာစေလျက်ရှိသည်။ မိမိတို့၏ ကိုယ်ခံအားကျဆင်းပြီး ကျန်းမာရေးအဆင့် နိမ့်လာပါက ရောဂါတစ်စုံတစ်ရာ ရရှိကြမှာ သေချာသည်။

ထိုသို့သော အကြောင်းကြောင်းများကြောင့်လည်း နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူတို့၏ ဘဝကျန်းမာကြံ့ခိုင်ရန်နှင့် ကမ္ဘာ့အားကစားလောကကြီးထဲ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် ကိုယ်လက်လှုပ်ရှား အားကစားမှုကို တစ်ဖက်တစ်လမ်းမှ ဦးစားပေး ဖော်ဆောင်နေခြင်းဖြစ်သည်။

ယနေ့ပြည်သူလူထုတစ်ရပ်လုံး အားကစားအသွင်ဖြင့် ပါဝင် လှုပ်ရှားရသော လမ်းလျှောက်ခြင်းသည် စုပေါင်းညီညွတ်မှုကိုလည်း ရစေသည်။ စိတ်ဓာတ်တူညီမျှတပြီး ပြည်ထောင်စုစိတ်ဓာတ် စွမ်းပကား၊ စွမ်းရည်ပိုမိုမြင့်မားလာစေသည်။ အမှန်မှာ ဤလမ်းလျှောက်ခြင်း အားကစားနည်းသည် လူမျိုး၊ ဘာသာ၊ အရွယ်အစားမရွေး ပါဝင်လှုပ်ရှားနိုင်သော ကစားနည်းဖြစ်သည်။

ကိုယ်လက်လှုပ်ရှား အားကစားအမျိုးမျိုး၏ အကျိုးဆက်၊ အကြောင်းဆက်လည်းဖြစ်ပြီး အစပျိုးသော အားကစားနည်းဟုလည်း ဆိုနိုင်ပါသည်။ ရာသီဥတုမရွေး၊ ဒီဇင်ဘာလသာမက သင့်တော်သည့်လ၊ သင့်တော်သည့်နေရာ၊ သင့်တော်သည့်အချိန်တွင် မိမိတို့စိတ်ကြိုက် လမ်းလျှောက်နိုင်ပေသည်။

သာမန်အပျင်းပြေ လမ်းလျှောက်ခြင်းမျိုးထက် စနစ်တကျ လမ်းလျှောက်နည်းကို အသုံးပြုပြီး လျှောက်လှမ်းက ပို၍အကျိုးရှိစေနိုင်သည်။

ရှိန်အောင်မိုလ်

လမ်းလျှောက်ခြင်း၏ အကျိုးတရားများနှင့် ပတ်သက်၍ ဆရာ ဦးလှခင် (ဆန်းညွန့်ဦး)ရေးသားပြုစုထားသော "ဆေးဝါးမပါ၊ ကျန်းမာနုပျို၊ အသက်ရှည်နည်း" စာတမ်းတွင် အောက်ပါအတိုင်း ဖော်ပြထားသည်–

- ကိုယ်လက်လှုပ်ရှားမှုပြုရသဖြင့် ခန္ဓာကိုယ်ကို ဆောက်တည်ထားသော ကြွက်သားများ ရှင်သန်နိုးကြား ကောင်းမွန်နေခြင်း(ရှင်သန်နိုးကြားမှုဆိုသည်မှာ အာရုံကြောများ စေ့ဆော်မှုကြောင့် ကြွက်သားများ လှုပ်ရှားရခြင်းဖြစ်၍ တစ်နည်း အာရုံကြောများပါ သန်စွမ်းခြင်းဖြစ်ပေသည်။)
- ကြွက်သားများ၏ လုပ်ငန်းကောင်းမွန်စေသဖြင့် ခန္ဓာကိုယ်တွင်းရှိ ဓာတ်ဆိုး၊ ဓာတ်ညစ်၊ အဆိပ်အတောက်များ ခန္ဓာကိုယ်ပြင်ပသို့ စွန့်ထုတ်ခြင်း လုပ်ငန်းများ ကောင်းမွန်လာစေသည်။ ဓာတ်ဆိုး၊ ဓာတ်ညစ် စွန့်ထုတ်ခြင်းဆိုသည်မှာ နှာခေါင်း၊ ပါးစပ်မှ ကာဗွန်ဒိုင်အောက်ဆိုဒ် ဓာတ်ထုတ်ခြင်း၊ အရေပြားမှ ချွေးအဖြစ်ထုတ်ခြင်း၊ ဆီးလမ်းကြောင်းမှ ကျင်ငယ်အဖြစ်ထုတ်ခြင်းနှင့် ကျင်ကြီးအဖြစ် အူမှစွန့်ထုတ်ခြင်းများ ဖြစ်သည်။ ထိုသို့ ဓာတ်ဆိုး၊ ဓာတ်ညစ်၊ အဆိပ်အတောက်များ ကင်းရှင်းမှသာလျှင် ခန္ဓာကိုယ်အတွက် လိုအပ်သည့် အာဟာရဓာတ်များကို ခန္ဓာကိုယ် အကျိုးဖြစ်ထွန်းမှုအတွက် ကောင်းမွန်စွာ လက်ခံနိုင်မည်ဖြစ်ပေသည်။
- ခန္ဓာကိုယ်အတွက် အထူးလိုအပ်သော အောက်ဆီဂျင်ဓာတ်များကိုလည်း နှာခေါင်း၊ ပါးစပ်မှ ဓာတ်ဆိုး၊ ဓာတ်ညစ်ထုတ်ပြီး ရှူသွင်းလိုက်သည့်အခါ ပြင်ပလေထုအတွင်းမှ အောက်ဆီဂျင်ဓာတ် ခန္ဓာကိုယ်တွင်း ပျံ့နှံ့ရောက်ရှိစေခြင်း။
- ကြွက်သားများလှုပ်ရှား၍ လမ်းလျှောက်ရသည့်အတွက် ခန္ဓာကိုယ်တွင်းရှိ တည်ဆောက်ထားသော သွေးကြောများ၊ ကြွက်သားများ အကူအညီဖြင့် ညှစ်ကျုံ့ပေးမှုကြောင့် သွေးလှည့်ပတ်မှု မှန်ကန်ခြင်းနှင့်တကွ အောက်ပါအကျိုးကျေးဇူးများကို ခံစားရပေမည်–
  - ကြွက်သားလုပ်ငန်း ကောင်းမွန်ခြင်းဖြင့် ကြွက်သားများ တောင့်တင်းခြင်း၊ ကြွက်တက်ခြင်း၊ ကြွက်သားများ ပျော့အိခြင်း၊ ထုံထိုင်းခြင်းများ ကင်းစေသည်။
  - အာရုံကြောရှင်သန်ခြင်းကြောင့် ထုံနာ၊ ကျဉ်နာ၊ ပါဒရက်၊ လေငန်းများကင်းရှင်း၍ မျက်စိကြည်လင်ခြင်း၊ ခံစားမှုအာရုံနှင့် သိမှုအာရုံများ နိုးကြားစေခြင်း။
  - စွန့်ထုတ်ခြင်းလုပ်ငန်း ကောင်းမွန်သဖြင့် ကိုယ်စိတ်ကြည်လင်ခြင်း၊ အသားအရေ ကြည်လင်တောက်ပခြင်း၊ သန့်ရှင်းခြင်း။
  - သွေးကြောများ သွေးလှည့်ပတ်မှု မှန်ကန်ခြင်းဖြင့် သွေးနှင့်ပတ်သက်သောရောဂါများ ကင်းရှင်းခြင်း

စသည်တို့ ဖြစ်ပေသည်။

ထိုသို့ ကျန်းမာရေးအတွက် လမ်းလျှောက်ခြင်းမျိုးကို အဘယ်မျှတန်ဖိုးရှိနိုင်ကြောင်းကိုလည်း လွန်ခဲ့သည့်နှစ်ပေါင်း ၂၅၀၀ ကျော်ကပင် ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် တပည့်သား သံဃာတော်အရှင်မြတ်တို့အား စင်္ကြံလျှောက်ခြင်း၏ အကျိုးငါးပါးကို "ခရီးသွားနိုင်၊ ကြံ့ခိုင်အားအင်၊ ကင်းစင်ရောဂါ၊ အစာကြေညက်၊ မပျက်သမာဓိ၊ ငါးပါးရှိ၏။ စင်္ကြံသွားအကျိုးတည်း"ဟု ဟောကြားတော်မူခဲ့ပါသည်။

ကာလီဖိုးနီးယားတက္ကသိုလ်ရှိ သက်ရှိရေးရာသုတေသန အဖွဲ့ခေါင်းဆောင် ပါမောက္ခဒေါက်တာ ဟာဘယ်အေဒဘရီက အသက်(၇၀)အရွယ်သို့ ရောက်ရှိနေသူများသည် တနင်္ဂနွေတစ်ပတ်လျှင် ၃ နာရီမျှ လမ်းလျှောက်လေ့ကျင့်လျှင် အသက်(၃၀)အရွယ်သို့ ပြန်လည်နုပျိုလာစေနိုင်သည်ဟု ဆိုပေသည်။ 'ဝ'လွန်းသူကို တစ်နေ့လျှင် တစ်မိုင်ခပ်သွက်သွက်လျှောက်ပါက တစ်နှစ်တွင် 'ဝ'လွန်းသော ခန္ဓာကိုယ် အလေးချိန်(၁၀)ပေါင်မျှ လျှော့ချနိုင်ကြောင်းလည်း သိရသည်။

သို့ဖြစ်၍ တိုင်းရင်းသားပြည်သူများအားလုံးသည် နိုင်ငံတော်၏ အကျိုးစီးပွားနှင့် မိမိတို့၏ အကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်လာရလေအောင် လမ်းလျှောက်လှုပ်ရှားအားကစားခြင်း အလေ့အကျင့်ကို **"ကျန်းမာကြံ့ခိုင် ပြည့်မဏ္ဍိုင် ပါဝင်လှုပ်ရှား လူထုအားကစား"**ဟူသော ဆောင်ပုဒ်နှင့်အညီ စဉ်ဆက်မပြတ် လေ့ကျင့်သွားကြပါစို့ဟု နှိုးဆော်တိုက်တွန်း အကြံပြုလိုက်ရပါသည်။ ။

**တစ်ကိုယ်ရေ ကျန်းမာရေးမှ လူတိုင်း၏ကျန်းမာရေးသည်**

**အဓိကကျသည့် လိုအပ်ချက်ဖြစ်။**

**ကျန်းမာစွာ သက်တမ်းစေ့နေကြရမှ ရခဲလှသော လူ့ဘဝ**

**ချမ်းသာကို ခံစားရရှိကြပေမည်။**



မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် တည်ဆောက်မည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင် မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းတော်ကြီး ဆောက်လုပ်ရန်အတွက် လမ်းမတော်မြို့နယ် ၁၂လမ်း အမှတ်(၃၆)နေ မိခင်ဒေါ်ရင်မေအားအမှူးထား၍ ဒေါ်မဉ္ဇူ မွေးနေ့အလှူအဖြစ် အလှူငွေကျပ်တစ်သိန်းကို လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် ပုညသုခကျောင်း ဆရာတော်ဦးဇောတိကထံ ဆက်ကပ်လှူဒါန်း၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ချီးမြှင့်တော်မူစဉ်။ (က-ပ)

## မြကန်သာလမ်း ကျောက်ချောခင်း

**ရေး ဒီဇင်ဘာ ၂**

ရေးမြို့ ရန်ကြီးအောင်ရပ်ကွက် မြကန်သာလမ်း ကျောက်ချောလမ်း အရှည် ပေ ၂၉၀၊ အကျယ် ၁၂ပေကို အလှူရှင် ဦးစိန်မင်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်ခြင်း လုပ်ငန်းဆောင်ရွက်ရာသို့ နိုဝင်ဘာ ၂၀ ရက်က ရေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအေးနိုင်တို့ ကွင်းဆင်းစစ်ဆေးကြပြီး လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကြသည်။ **(မြို့နယ် စည်ပင်)**

**ခင်ပွန်းဦးတွတ်အား ရည်စူး၍ ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် ခေ မာ သီ လမ်း အမှတ်(၆၆၄)နေ ဒေါ်တင်ဦး(မာဃရွှေဆိုင်)မိသားစုက ဒဂုံမြို့နယ် အမှတ်၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်ငါးသိန်းကို ပိဋကဆရာတော် ဘဒ္ဒန္တစာရိန္ဒာသာဘိဝံသ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ(ပင်မ)ဥက္ကဋ္ဌ ဦးအေးဖေထံ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)



# ငါး၊ ပုစွန် ကိုင်တွယ်ပြုပြင်ထိန်းသိမ်းမှု နည်းပညာဆိုင်ရာသင်တန်း မြိတ်မြို့၌ဖွင့်

**မြိတ် ဒီဇင်ဘာ ၁၀**

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန တနင်္သာရီတိုင်း ငါးလုပ်ငန်းဦးစီးဌာနနှင့် တနင်္သာရီတိုင်း ငါးလုပ်ငန်းအဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် ငါး၊ ပုစွန် ကိုင်တွယ်ပြုပြင်ထိန်းသိမ်းမှု နည်းပညာဆိုင်ရာသင်တန်း အမှတ်စဉ် (၁/၂၀၀၆) ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၄ရက် နံနက် ၉ နာရီက မြိတ်မြို့ ပုလဲရတနာခန်းမတွင် ကျင်းပသည်။

### ရှင်းလင်းတင်ပြ

အခမ်းအနားတွင် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ခင်ဇော်ဦးက အဖွင့်အမှာစကား ပြောကြားပြီး **(ဝဲပုံ)** တနင်္သာရီတိုင်း ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမျိုးအောင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် သင်တန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

### တက်ရောက်

အဆိုပါသင်တန်းသို့ တနင်္သာရီတိုင်းအတွင်းရှိ အအေးခန်းစက်ရုံ၁၅ရုံနှင့် ငါးအမှုန့်ကြိတ်စက်ရုံ ခြောက်ရုံမှ သင်တန်းသား သင်တန်းသူ ၄၆ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တတစ်ပတ်ကြာမြင့်ခဲ့သည်။

**(တိုင်း ပြန်/ဆက်)**







### ကတ္တရာခင်း

**ဒိုက်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်လျက်ရှိသော ဆည်မြောင်းလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၁ ရက်က အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းလင်းထွန်းနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်တင်မာအေးတို့ ကြီးကြပ်ပေးစဉ်။** (မြို့နယ် စည်ပင်)

## မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ ခုနှစ် ပြာသိုလဆန်း ၁၂ ရက်
၃၀-၁၂-၂၀၀၆ (စနေနေ့)

**နံနက်ပိုင်း**

- ၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ဗောဇ္ဈင်္ဂသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

**နေ့လယ်ပိုင်း**

- ၀၉း၃၀ တူယှဉ်သီကြွေး စုံတွဲတေး
  (၁) အဝေးမှာ အနီးမှာ (အဂ္ဂါ-ဇင်ဝါမိုး)
  (၂) ပန်းချစ်သူ (ခင်မောင်တိုး-မီမီဝင်းဖေ)
  (၃) ချစ်လား (အာဇာနည်-ဆုန်သင်းပါရ်)
- ၀၉း၄၅ အာဆီယံအစီအစဉ်
- ၁၁း၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုး (မွေးမြူရေးရာပြန်ကြားလွှာ)
- ၁၁း၃၅ အဘိုးအဘွားအလေးထားကဏ္ဍ [ဒုတိယဗိုလ်မှူးကြီး လှမိုး(ငြိမ်း) နိုင်ငံ့ဂုဏ်ရည်ပထမဆင့်]နှင့် ဆွေးနွေးခန်း
- ၁၂း၀၀ တစ်ပတ်အတွင်း နိုင်ငံတကာသတင်း
- ၁၂း၁၀ နေ့စဉ်သုံး အီဒီယမ် (ဦးသိန်းလွင်)
- ၁၃း၁၀ ပညာရေးအစီအစဉ် (ပညာရေးအထူးအစီအစဉ်) (ပညာရေးအကောင်အထည်ဖော်မှုဆိုင်ရာလမ်းညွှန်ချက်များ)

**ညနေပိုင်း**

- ၁၆း၁၀ ခံစားနားဆင် မြန်မာတေးသံစဉ်
  (၁) ပြာသိုလိုလို ဝါဆိုလိုလို (မောင်မောင်ညွှန့်)
  (၂) ချစ်လက်စ (ခင်နှင်းသက်)
  (၃) နွယ် (လှကြည်ဆွေ)
- ၁၇း၀၀ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဆုရ အစီအစဉ် (ရန်ကုန်တိုင်းမှ မောင်စိုင်းလမင်းအောင်နှင့် ဒေါ်ယဉ်ယဉ်ထွန်းတို့၏ ခေတ်ဟောင်းနှင့် ကာလပေါ်တေး)
- ၁၇း၁၅ ခေတ်ဟောင်းတေး
  (၁) ရွှေကြာပန်း (ခင်လှလှ)
  (၂) ချစ်တော်မူ (ဥက္ကလာမောင်)
  (၃) ရွှေးရေစက် (ပြည်လှဖေ-မေရှင်)
- ၁၇း၃၀ တစ်ပတ်အတွင်း နိုင်ငံတကာသတင်း
- ၁၇း၄၅ ကျန်းမာကြံ့ခိုင်ဒို့မဏ္ဍိုင် (အမျိုးသမီးများ ဝမ်းဗိုက်အဆီကျရန် နည်းလမ်းကောင်း) (ခင်မောင်တင်-ဓာတ်ရောင်ခြည်)
- ၁၈း၄၅ သိမှတ်စရာကွန်ပျူတာ (Note Book များ ရွေးချယ်မှုအကြောင်း)
- ၁၉း၁၅ မေတ္တာလက်ဆောင်ရတေးစီးရီး (မန်းသီရိတေးသံသွင်းမှ မေတ္တာလက်ဆောင်ပေးပို့သည့် ခေတ်သုံးခေတ်၏ ကြယ်ပွင့်များ-၁)
- ၂၀း၃၀ တေးသံစုံ (မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့)
- ၂၀း၄၀ ခံစားနားဆင် မြန်မာတေးသံစဉ်
  (၁) မခင်နှင်းဆီ (ကိုမြကြီး)
  (၂) မုန်းနှောင်ကြိုးလေး တစ်ပတ်လျှော့ပါ (ချိုချိုစမ်းလေး)
  (၃) ဆောင်းနတ်မယ်လား ချစ်သူလား (မင်းနိုင်ထွဏ်း)

## မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး ပညာပေးဟောပြော

**အထက်မင်းလှ နိုဝင်ဘာ ၂၀**

မကွေးတိုင်း အထက်မင်းလှမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး ပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၁၃ရက် မွန်းလွဲ ၂နာရီခွဲက မင်းလှမြို့ အခြေခံပညာအထက်တန်းကျောင်း မင်းလက်ဝါးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်စန်းရီက အဖွင့်အမှာစကားပြောကြားပြီး အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်ခင်မြမူက မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး ပညာပေးဟောပြောသည်။

ဟောပြောပွဲသို့ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကျောင်းဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။ **(၀၇၆)**



**မိုးကောင်းမြို့ စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဦးဌေးလွင်စိုး ဦးဆောင်သော ဝန်ထမ်းများ ဒီဇင်ဘာ ၁၈ရက်က ဈေးအတွင်း ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ခြင်းကို အမှုဆောင်အရာရှိ ဦးစန်းဝင်း ကြီးကြပ်ဆောင်ရွက်ပေးစဉ်။** (မြို့နယ် စည်ပင်)

## ဓမ္မသင်္ဂဏီ ပါဠိတော်ကျမ်းအတွက် ငွေလှူဒါန်း

**ရန်ကုန် ဒီဇင်ဘာ ၂၈**

အဘိဓမ္မာ ပိဋကဝင် ဓမ္မသင်္ဂဏီ ပါဠိတော်ကျမ်းအတွက် ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏ(အစိုးရ ဓမ္မာစရိယ၊ မဟာဂန္ထဝါစက ပဏ္ဍိတ)အရှင်မြတ်ထံ သံအမတ်ကြီးဦးဘုန်းမြင့်-ဒေါ်ကြူလှိုင်မိသားစု အမှတ် (၂၀/ခ)မစိုးရိမ်ကျောင်းလမ်း ၉မိုင် မရမ်းကုန်းမြို့နယ်က ကြေးပြားတစ်ချပ်၊ ဦးဆန်းတင့်အောင်-ဒေါ်ဇင်မာအေး၊ သား မောင်ဝေဖြိုးအောင်၊ သမီး မမေသူအောင်မိသားစု အမှတ်(၃၃) သီတာလမ်း ကျောက်မြောင်း တာမွေမြို့နယ်က ကြေးပြားတစ်ချပ်၊ ဗိုလ်မှူးနေဝင်း-ဒေါ်ဇင်မာလေး၊ သမီး မနေနွယ်ဇင်ဝင်း၊ သား မောင်ဝင်းမြတ်သူ၊ မောင်ဝေလင်းဖြိုး မိသားစု အမှတ်(၉၄၉) အထက်မင်းလှမြို့နယ် မကွေးတိုင်းက ကြေးပြားတစ်ချပ်၊ ဦးအောင်သန်း-ဒေါ်ရီရီသန်း၊ သမီး မခိုင်မွန်အေး၊ မထူးထူးအောင်၊ မလဲ့လဲ့မင်း၊ သား မောင်နေထွန်း မိသားစု အမှတ်(၁၀၀)ရွှေတိဂုံဘုရားလမ်း ပန်းဘဲတန်းမြို့နယ်က ကြေးပြားတစ်ချပ်၊ မိဘများအား အမှူးထား၍ ဦးလှမြင့်ဆွေ-ဒေါ်ဆွေဆွေရှိန်၊ သားသမီး၊ မြေးတစ်စု အမှတ်(၆)မဉ္ဇူလမ်း ပါရမီရပ်ကွက် ရန်ကင်းမြို့နယ်က ကြေးပြားတစ်ချပ်၊ မခင်စန္ဒီ အမှတ် ၆ မဉ္ဇူလမ်း ပါရမီရပ်ကွက် ရန်ကင်းမြို့နယ်က ကြေးပြားတစ်ချပ်၊ ဒေါ်ကြည်ကြည်မိသားစု အမှတ်(၈၀)၁၄လမ်း ၆ရပ်ကွက် လမ်းမတော်မြို့နယ်က ကြေးပြားတစ်ချပ်၊ ဦးအုန်းကျော်နှင့် သားသမီး၊ မြေးတစ်စု အမှတ် (၂၉) ၂ရပ်ကွက် စိန်ပန်းလမ်း ရွှေပြည်သာမြို့နယ်တို့က ကြေးပြားတစ်ချပ်စီ အသီးသီးလှူဒါန်းကြသည်။ **(က-ပ)**

**မွန်ပြည်နယ် မော်လမြိုင်မြို့ မရမ်းကုန်းရပ်ကွက်ရှိ ဆံတော်ရှင် ကျိုက်သုတ်စေတီတော်မြတ်ကြီး၏ အကြိမ်(၂၀)မြောက် ဗုဒ္ဓပူဇနိယ ပွဲတော်နှင့် မသိုးသင်္ကန်း ရက်ခတ်ပြိုင်ပွဲ ဆုပေးပွဲကို နိုဝင်ဘာ ၄ ရက်ကကျင်းပရာ ပွဲတော်ကျင်းပရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးမြင့်ဇော်က ဒုတိယဆုရ ဥမ္မာဓန္တီစင်တော် အသင်းအား ဆုချီးမြှင့်စဉ်။** (၁၆၈)





## အလှူငွေပေးအပ်ပွဲ ဖျာပုံ၌ကျင်းပ

ဖျာပုံ ဒီဇင်ဘာ ၁၈

ဖျာပုံမြို့ ဝါပဆွမ်းလောင်းအသင်းနှင့် လူမှုရေးကုသိုလ်တော်အသင်းတို့၏ အလှူငွေပေးအပ်ပွဲကို ဒီဇင်ဘာ ၁ရက်က ဖျာပုံမြို့ ဆန်စက်ပိုင်ရှင်နှင့် ဆန်ကုန်သည်များအသင်းရုံးခန်းတွင် ကျင်းပရာ အသင်းနာယကဒုတိယဗိုလ်မှူးကြီးရဲထွဋ်မိသားစုက ငွေကျပ်တစ်သိန်းစီနှင့် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြပြီး၊ လူမှုရေးကုသိုလ်တော်အသင်း တွဲဖက်အတွင်းရေးမှူး ဦးလှဝင်းနှင့် ဝါပဆွမ်းလောင်းအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာစံဦးတို့က အလှူရှင်များအား ဂုဏ်ပြုလွှာများ ပေးအပ်သည်။ **(ဝဲပုံ)**

အဆိုပါ ဖျာပုံမြို့ လူမှုရေးကုသိုလ်တော်အသင်းကို ၂၀၀၁ ခုနှစ် ဒီဇင်ဘာ ၁၆ရက်က ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့၏ ဦးဆောင်မှုဖြင့် ဖွဲ့စည်းခဲ့ပြီး လူမျိုး၊ ဘာသာ၊ ဆင်းရဲချမ်းသာမရွေး၊ နာရေးကိစ္စရပ်များ ပေါ်ပေါက်က လူမှုရေးကုသိုလ်တော်အသင်းပိုင် နိဗ္ဗာန်ယာဉ်ဖြင့် အခမဲ့ အကူအညီပေးခဲ့ရာ ယနေ့အထိ သေဆုံးသူ ၄၀၀ ကျော်အတွက် အကူအညီပေးခဲ့ပြီး ဖြစ်သည်။

**ဆက်သွယ်လှူဒါန်းနိုင်**

လူမှုရေးကုသိုလ်တော်အသင်းက မီးသဂြိုဟ်စက်ပြုလုပ်ရန် စီစဉ်လျက်ရှိရာ လှူဒါန်းလိုသည့် စေတနာရှင်များ ဖျာပုံမြို့ ချောင်းတွင်းလမ်းမကြီး အဝေးပြေး ကားဂိတ်အနီး ဆန်စက်ပိုင်ရှင်နှင့် ဆန်ကုန်သည်များအသင်းရုံး ဖုန်း – ၀၄၅–၄၀၄၃၉ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၃၇၉)



ရန်ကုန်မြို့ တာမွေမြို့နယ် ကျောက်မြောင်း ဒဂုဏ်သီရိလမ်း အမှတ်(၈၂)နေ ရှိန်မြရတနာ ဓမ္မဂုဏ်ရည်ကျောင်း၏ ဒါယကာဦးထွန်းရှိန်နှင့် ဒါယိကာမ ဒေါ်တင်မြမိသားစုတို့ ကြီးမှူးကျင်းပသော ရဟန်းခံနှင့်ရှင်အပါး ၁၀၀ရှင်ပြုပွဲကို နိုဝင်ဘာ ၁၉ရက်က မိတ္ထီလာမြို့နယ် သရက်ပင်ကျေးရွာ၌ သိမ်ဆင်းလောင်းလှူပွဲ ကျင်းပစဉ်။ (က–ပ)

## အမှတ်(၂)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပြင်ဦးလွင်မြို့ပေါ်ရှိ ကျောင်းများ ပညာရေးစွမ်းဆောင်မှုစစ်ဆေး



ပြင်ဦးလွင် ဒီဇင်ဘာ ၂၀

ပညာရေးဝန်ကြီးဌာန အမှတ်(၂)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင်သည် တာဝန်ရှိသူများ လိုက်ပါလျက် ဒီဇင်ဘာ ၁၂ရက်က ပြင်ဦးလွင်မြို့ပေါ်ရှိ အမှတ်(၁၊ ၂၊ ၃၊ ၄) အခြေခံပညာ အထက်တန်းကျောင်းများ၊ အမှတ်(၁၊ ၃၊ ၄) အခြေခံပညာ အလယ်တန်းကျောင်းများနှင့် အမှတ်(၂၊ ၂၀၊ ၂၁) အခြေခံပညာမူလတန်းကျောင်းများသို့ သွားရောက်ကြည့်ရှု စစ်ဆေးကြသည်။

ရှေးဦးစွာ ညွှန်ကြားရေးမှူးချုပ်သည် အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်း ပြင်ဦးလွင်တွင် မြို့နယ်ပညာရေးမှူး၊လက်ထောက် မြို့နယ်ပညာရေးမှူးများ၊ကျောင်းအုပ်ကြီးများနှင့် တွေ့ဆုံကာ အခြေခံပညာကျောင်းများ ပညာရေးစွမ်းဆောင်မှု စစ်ဆေး၍ အားနည်းချက်၊ အားသာချက်များတင်ပြရန်၊ ကျောင်းများ၏ ဥပဓိရုပ် ကောင်းမွန်တိုးတက်ရေး၊ စာသင်ခုံပရိဘောဂများ ပြည့်စုံလုံလောက်ရေး၊ ကျောင်းနှင့် ဝန်းကျင်သန့်ရှင်းသာယာလှပရေး၊ စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများ စနစ်တကျ ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်သည် အခြေခံပညာကျောင်းများသို့ သွားရောက်စစ်ဆေးပြီး ကျောင်းလုပ်ငန်းစီမံခန့်ခွဲမှု စနစ်တကျဆောင်ရွက်ရေး၊ ကျောင်းသားများ ကျောင်းမှန်မှန်တက်ရေး၊ တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေး၊ မူလတန်းနှင့် အလယ်တန်းအဆင့် သင်ယူတတ်မြောက်မှု အလေးထားဆောင်ရွက်ရေး၊ မီဒီယာစာသင်ခန်း၊ သိပ္ပံလက်တွေ့ခန်း၊ သင်ထောက်ကူပစ္စည်းများ လက်တွေ့အသုံးပြု သင်ကြားရေး၊ စာကြည့်တိုက်လုပ်ငန်း ဖွံ့ဖြိုးရှင်သန်ရေး၊ရေမိလ္လာ သန့်ရှင်းလုံလောက်စွာအသုံးပြုရေး၊ ဒီဇင်ဘာ အားကစားလလှုပ်ရှားမှု အပတ်စဉ်ဆောင်ရွက်ရေးနှင့် ပညာရေးဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စများနှင့် ပတ်သက်၍ ဆွေးနွေးမှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက် ပေးသည်။ **(အပေါ်ပုံ)** (၃၁၃)



ကျောက်တံခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော ကျောက်တံခါး–ဖျုံတလင်း ကျေးလက် ဂဝံလမ်းကို ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယ ညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင်နှင့် အဖွဲ့ ဒီဇင်ဘာ ၁၀ရက်က ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်ဆန်းထွန်းက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် ပြန်/ဆက်)



## အာဟာရ ကျွေးမွေး

ဒီဇင်ဘာ ၂၀ရက်က စမ်းချောင်းမြို့နယ် ကျွန်းတော မူကြိုကျောင်းတွင် မောင်ကျော်ဇင်သန့်၏ ငါးနှစ်ပြည့် မွေးနေ့အလှူအဖြစ် အာဟာရ ကြက်သားဆန်ပြုတ် ကျွေးမွေး လှူဒါန်းစဉ်။ (ပညာရေး)

### ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)
### ရန်ကုန်အဝေးသင်တက္ကသိုလ်
### e- Education Learning Centre
### သင်ခန်းစာထုတ်လွှင့်မည့်အစီအစဉ်
### (တနင်္လာမှ သောကြာ) မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ
### (စနေ၊ တနင်္ဂနွေ) နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ

၁–၁–၂၀၀၇ **(တနင်္လာနေ့)**
- ❑ Intra-ASEAN Socio-Economic and Security Co- operation
  - သမိုင်း(ပ၊ဒု၊တ ဂုဏ်ထူးတန်း၊ မဟာအရည်အချင်းစစ်) ကျောင်းသား၊ ကျောင်းသူများ
- ❑ Water. Water Pollution and Its Treatment
  - အများပြည်သူများ

၂–၁–၂၀၀၇ **(အင်္ဂါနေ့)**
- ❑ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဥပဒေနှင့် နိုင်ငံတော်၏လက်တွေ့ဆောင်ရွက်ချက်
  - အများပြည်သူများ
- ❑ မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေအရ ကုမ္ပဏီများဖွဲ့စည်းခြင်း
  - တတိယနှစ် ဥပဒေပညာအထူးပြု အဝေးသင်တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများ

၃–၁–၂၀၀၇ **(ဗုဒ္ဓဟူးနေ့)**
- ❑ အမျိုးနှင့်အမျိုးစောင့်တရား
  - ပထမနှစ်အထူးပြုအားလုံး၊ နေ့ကျောင်းသား၊ ကျောင်းသူများ
- ❑ ပုဂံခေတ်လူ့အဖွဲ့အစည်း
  - တတိယနှစ် မြန်မာစာအထူးပြု ကျောင်းသား၊ ကျောင်းသူများ

၅–၁–၂၀၀၇ **(သောကြာနေ့)**
- ❑ The Role of Psychology in Regional Development
  - စိတ်ပညာအထူးပြု အဝေးသင်၊ နေ့ကျောင်းသား၊ ကျောင်းသူများ၊ အများပြည်သူများ
- ❑ Methods of Integration
  - ပထမနှစ်သိပ္ပံ နေ့ကျောင်းသား၊ ကျောင်းသူများ

၆–၁–၂၀၀၇ **(စနေနေ့)**
- ❑ ရှေးခေတ်ပုဂံပြည်
  - ပထမနှစ်အထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ အင်းဝခေတ် ရသစာပေသမိုင်း
  - ပထမနှစ် ရသစာပေအထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ သင်္ကြန်အခါ အလံတိုင်ဘုရားမှာ
  - ပထမနှစ် မြန်မာမှုပညာအထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ လယ်ထွန်မင်္ဂလာ
  - ပထမနှစ် မြန်မာစာအထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ ဥမ္မာဒန္တီပျို့
  - ပထမနှစ် မြန်မာစာအထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ မွေ့နွန်းရကန်
  - ပထမနှစ် ရသစာပေအထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ Electronic Structure
  - ပထမနှစ် သိပ္ပံအထူးပြုအားလုံး ကျောင်းသား၊ ကျောင်းသူများ
- ❑ Chemical Bonding and Inorganic Nomenclature
  - ပထမနှစ် သိပ္ပံအထူးပြုအားလုံး ကျောင်းသား၊ ကျောင်းသူများ
- ❑ Gases and the Kinetic Molecular Theory
  - ပထမနှစ် ဓာတုဗေဒအထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ Liquids
  - ပထမနှစ် ဓာတုဗေဒအထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ Solutions
  - ပထမနှစ် ဓာတုဗေဒအထူးပြု ကျောင်းသား၊ ကျောင်းသူများ

၇–၁–၂၀၀၇ **(တနင်္ဂနွေနေ့)**
- ❑ Second Year Notes
  - ဒုတိယနှစ် အင်္ဂလိပ်စာအထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ Myanmar Timber Elephants
  - ဒုတိယနှစ် အင်္ဂလိပ်စာအထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ The Jungle Cocks
  - ဒုတိယနှစ် အင်္ဂလိပ်စာအထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ Short Stories (The Visit)
  - ဒုတိယနှစ် အင်္ဂလိပ်စာအထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ The Stolen Letter
  - ဒုတိယနှစ် အင်္ဂလိပ်စာအထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ Phonetics
  - ဒုတိယနှစ် အင်္ဂလိပ်စာအထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ Trees and Erosion
  - ဒုတိယနှစ် အင်္ဂလိပ်စာအထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ Thermal Properties of Solid
  - တတိယနှစ် ရူပဗေဒအထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ The Applications of Schroedinger Equation
  - တတိယနှစ် ရူပဗေဒအထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ Condensed matter Physics Crystal Structure
  - တတိယနှစ် ရူပဗေဒအထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ Lattice Vibrations
  - တတိယနှစ် ရူပဗေဒအထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ The Birth of Quantum Theory
  - တတိယနှစ် ရူပဗေဒအထူးပြု ကျောင်းသား၊ ကျောင်းသူများ

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၈) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနား တက်ရောက်မိန့်ခွန်းပြောကြား

နေပြည်တော် ဒီဇင်ဘာ ၂၈

တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၈) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက် ၇နာရီခွဲက ရန်ကုန်မြို့ တပ်မတော်ဆေးတက္ကသိုလ် စစ်ရေးပြကွင်း၌ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေတက်ရောက်၍ မိန့်ခွန်းပြောကြားသည်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဗိုလ်လောင်းတပ်ခွဲများကို စစ်ဆေးစဉ်။ (သတင်းစဉ်)

**တက်ရောက်**

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ စစ်ထောက်ချုပ်

**စာမျက်နှာ ၈ ကော်လံ ၁ ■**

## နေပြည်တော် သာသာယာယာ (၂၉-၁၂-၂၀၀၆)

**နေပြည်တော်**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် သာယာမည်။

**ရန်ကုန်**

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် သာယာမည်။

**မန္တလေး**

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် သာယာမည်။

### နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ်တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

# အမျိုးသားညီလာခံစုံညီအစည်းအဝေး ဆက်လက်ကျင်းပ

## အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အကြံပြုချက်စာတမ်းများဖတ်ကြား



**ရန်ကုန် ဒီဇင်ဘာ ၂၈**

အမျိုးသားညီလာခံစုံညီအစည်းအဝေးကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းအခန်း၊နိုင်ငံတော်အလံ၊အထိမ်းအမှတ်တံဆိပ်၊သီချင်းနှင့်မြို့တော်အခန်း၊ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များအခန်းနှင့် အထွေထွေပြဋ္ဌာန်းချက်များအခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့တင်ပြသည့် အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့နှင့် အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များအစုအဖွဲ့တို့၏ အကြံပြုချက်စာတမ်းများကို ယင်းအစုအဖွဲ့များမှ ကိုယ်စားလှယ်များက အသီးသီးဖတ်ကြားတင်ပြကြသည်။ **စာမျက်နှာ ၁၁ ကော်လံ ၁ ●**



အမျိုးသားညီလာခံစုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပစဉ်။ (သတင်းစဉ်)